မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၁၅ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၉၇)

ဂေါတမဗုဒ္ဓရုပ်ပွားတော် ဖူးမြော်ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ စစ်တွေမြို့ လောကာနန္ဒာစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ ၁၃ ရက် ညပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လောကာနန္ဒာစေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်)

နိုင်ငံတော်နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လမ်းတံတားများ ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် ကျေးလက်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားရေးနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသည့် လုပ်ငန်းစဉ်ငါးရပ်ကို နိုင်ငံတော်အစိုးရက ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကသာ-ရွှေဘို-စစ်ကိုင်းလမ်း တစ်လျှောက် ခရိုင်ချင်းဆက်လမ်းများကို ဖောက်လုပ်လျက်ရှိသည်။

စစ်ကိုင်း-ရွှေဘို-ကသာ ခရိုင်ချင်းဆက်လမ်းအပိုင်းကို စစ်ကိုင်းခရိုင်အတွင်း ခုနစ်မိုင် နှစ်ဖာလုံ၊ ရွှေဘိုခရိုင်အတွင်း ၉၂မိုင် ခြောက်ဖာလုံ၊ ကသာခရိုင်အတွင်း ၁၁၃မိုင် ခုနစ်ဖာလုံ ဖောက်လုပ်လျက်ရှိရာ စုစုပေါင်း ခရိုင်ချင်းဆက်လမ်းအရှည်မှာ ၂၁၃မိုင် ခုနစ် ဖာလုံဖြစ်သည်။

ကသာ-ရွှေဘို-စစ်ကိုင်း ခရိုင်ချင်းဆက်လမ်းရှိ ရွှေဘိုခရိုင်လမ်းပိုင်းမှ ဧရာဝတီမြစ် တစ်ဖက်ကမ်း သပိတ်ကျင်းမြို့ကို လမ်းကြောင်းဆက်ရန် ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၃) ခရိုင်ချင်းဆက်လမ်းသည် စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်သို့ ဆက်စပ်ထားပြီး စစ်ကိုင်းမြို့မှ မြစ်ကြီးနားမြို့အထိ ဧရာဝတီမြစ်အနောက်ဘက် မြစ်ကမ်းဘေးတစ်လျှောက် လမ်းသစ် ဖောက်လုပ်ခြင်း ဖြစ်သည်။

ယခုအခါ စစ်ကိုင်းမြို့မှ မြစ်ကြီးနားမြို့အထိ လမ်းအူကြောင်းပေါက်သွားပြီဖြစ်ပြီး ၎င်းလမ်း အူကြောင်းကို အမှီပြု၍ လမ်းကြောင်းကောင်းမွန်အောင် ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ခရိုင်ချင်း ဆက်လမ်းများကို ဖောက်လုပ်ပေးခြင်းဖြစ်သည်။ ခရိုင်ချင်းဆက်လမ်းများကို ပြည်နယ်နှင့်တိုင်း ဒေသ အသီးသီး၌ ဖောက်လုပ်ပေးလျက်ရှိသည်။ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် တစ်ခရိုင်နှင့် တစ်ခရိုင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှုမှန်ကန်လာကာ စီးပွားရေးတိုးတက် လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် နိုင်ငံတော်က နယ်မြေဒေသအသီးသီးတွင် လမ်းနှင့်တံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည့်အလျောက် ဒေသခံပြည်သူ များကလည်း လမ်းနှင့်တံတားများ ရေရှည်အသုံးပြုနိုင်စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးညှင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၈ရက် နံနက် ၆နာရီက မိုးညှင်းမြို့နယ်မြေခံဆေးတပ်ရင်း ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၄၈၀၀၀ ပြုစုပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် နယ်မြေခံတပ်ရင်း ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့လည်းကောင်း၊ မိုးညှင်းမြို့ နန့်ရင်းချောင်းကူးကြိုးတံတား ကြမ်းခင်းများ လဲလှယ်မှုနှင့် တံတားကြံ့ခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မိုးညှင်းမြို့တွင်း ကတ္တရာလမ်းများနှင့် စည်ပင်သာယာဈေးသို့လည်းကောင်း၊ မိုးညှင်းမြို့နယ် အင်ကြင်းကုန်း ကျေးရွာအုပ်စုခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့လည်းကောင်း၊ မိုးညှင်းမြို့နယ်ဘီးလူးကျေးရွာခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မိုးညှင်းမြို့နယ်၊ အင်းကုန်းကျေးရွာ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့လည်းကောင်း၊ ဟိုပင်မြို့နယ် လယ်မြီးကျေးရွာအနီးရှိ မြို့သစ်ကလေးဆည်သို့ရောက်ရှိပြီး ဆည်ရေပေးဝေနိုင်မှုနှင့် ဆည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှု လုပ်ငန်းများဆောင်ရွက်မှုကိုလည်းကောင်း၊ ဆည်အနီးလယ်မြီးကျေးရွာမှ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းပင်လေးသောင်း စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ပြုစုပျိုးထောင်ထားသည့် ပျိုးပင် ၃၀၀၀ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟိုပင်မြို့နယ် စံပြတကွင်း ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ခြံစည်းရိုးကြက်ဆူ ၅၄၅၀၀ ပြုစုပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ဟိုပင်-ဆင်ဘိုလမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် နန့်ရင်းချောင်းကူးကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

စိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးသည် ဆားမော်တပ်နယ် နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်၍ တက်ရောက်လာကြသူများအား ပျိုးအိတ်များ ဝေငှပေးကာ ခြံစည်းရိုးကြက်ဆူ ပင်ကို စိုက်ပျိုးပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ မြို့ဟောင်းတံတားသို့ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း၊ နမ္မတီးကျေးရွာ ကံလှတံတား တည်ဆောက်မှုလုပ်ငန်းခွင်သို့ လည်းကောင်း၊ နမ္မတီးတိုက်နယ်ဆေးရုံသို့ လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည် များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် အရှေ့ဘက်မုခ်တန်ဆောင်း လှေကားကြွေပြားများ ခင်းရန်အတွက် အမှတ် ၅၁ လှည်းတန်းလမ်း လမ်းမတော် မြို့နယ်နေ ဦးမျိုးမင်းဦး-ဒေါ်မင်းမင်းခိုင်၊ သား လျှမ်းထက်မင်းမိသားစုက အလှူတော်ငွေကျပ် ၁၄၀၀၀၀ကို ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဂေါပကအဖွဲ့ဝင်များထံ အလှူငွေပေးအပ်စဉ်။
(က-ပ)

ဆေးပဒေသာပင်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးအိမ်ရာ အခန်း (၁)နေ ဇနီး ဒေါ်နန်းပင်း တစ်ဆမ်အား ရည်စူး၍ ခင်ပွန်း ဦးစိုင်းစံဦးက ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၅-၄-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၅ ၈။ ခါသကြိန်အဆိုအကများ
- ၇း၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"ဝေဒနာနုပဿနာ သတိပဋ္ဌာန်"**

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၁၅ ၄။ မြန်မာ့ရှုခင်း
- ၁၂း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"တမ်းတဆဲခဏ"**
- ၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄း၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၃၅ ၆။ ခါသကြိန်အဆိုအကများ
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၁၅ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၃၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၄၀ ၁၀။ ခါသကြိန်အဆိုအကများ
- ၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသ သတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၆)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၃၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အောင်စကြာမုနိသိမ်၌ ကိန်းဝပ်စံပယ်တော်မူသည့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

✡ ***ရှေ့ဖုံးမှ***

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ည၈နာရီတွင် လောကာနန္ဒာစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဂန္ဓကုဋိတိုက်အတွင်းရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

လှူဒါန်းငွေများပေးအပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့သည် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ

၏ လှူဒါန်းငွေများကို စေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

လှည့်လည်ဖူးမြော်ကြည်ညို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အောင်စကြာမုနိသိမ်၌ ကိန်းဝပ်စံပယ်တော်မူသည့် စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အောင်စကြာမုနိသိမ်၌ ကိန်းဝပ်စံပယ်တော်မူသည့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများ၏ လှူဒါန်းငွေများကို လောကာနန္ဒာစေတီတော် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မှု

ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ခုနှစ်၊ မတ်လ ၃၁ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၇၆၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အိန္ဒိယနိုင်ငံဘင်္ဂလော့မြို့ရှိ ဗော်လ်ဗိုကားထုတ်လုပ်ရေး စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဧပြီ ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူ သန်း ၂၆၀ကျော်အား ဆင်းရဲတွင်းမှလွတ်မြောက်ရန် အစိုးရက ကြိုးပမ်းဆောင်ရွက်နေ

နယူးဒေလီ ဧပြီ ၁၄

အိန္ဒိယနိုင်ငံက ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ရောက်နေသော ပြည်သူ သန်း ၂၆၀ကျော်ကို ၂၀၁၂ခုနှစ်တွင် အဆိုပါ မျဉ်းအထက်ရောက်လာရန် ဆောင်ရွက်မှုကို နိုင်ငံအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ရပ်ဂျိဟူဘင့်နစ်ပရာဆက်ဆင်းက ပြောကြားလိုက်သည်။

အဆုံးသတ်

အိန္ဒိယနိုင်ငံ လူဦးရေ၏ ၁၁ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် ရှိနေဆဲဖြစ်ကြောင်း၊ ယင်းကို ၂၀၀၇-၂၀၁၂ (၁၁)ကြိမ်မြောက် ငါးနှစ်စီမံကိန်းဖြင့် အဆုံးသတ်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ပြောကြား

လောလောဆယ်တွင် အိန္ဒိယနိုင်ငံ၌ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ရှိ ပြည်သူ သန်း ၂၆၀ရှိပြီး ၂၀၁၂တွင် အိန္ဒိယအစိုးရက အဆိုပါ မျဉ်းအထက်သို့ ၎င်းဆင်းရဲနွမ်းပါးသူများကို ပို့ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ဆင်း၏ပြောကြားချက်ကို အင်ဒိုအာရှနယူးစ်ဆားဗစ်က ကိုးကားဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ကျေးလက်နေပြည်သူများအား အစိုးရက လက်မှုအနုပညာပစ္စည်းများ၊ လက်ရက်ကန်းလုပ်ငန်းများ၊ ပန်းသည်လုပ်ငန်းများ၊ ပျား မွေးမြူရေးလုပ်ငန်းများကဲ့သို့သော လုပ်ငန်းများကို လုပ်ကိုင်ရန် တွန်းအားပေးလျက်ရှိသည်။ ယင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဖန်တီးဖြစ်ပေါ်စေရန် နိုင်ငံတော်အဆင့်နှင့် ခရိုင်အဆင့်များဖြင့် ထူထောင်ပေးလျက်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံက ယင်းကို အောင်မြင်ရန် ရည်ရွယ်လျက် ကျေးလက်ဒေသများ၌ လုပ်ငန်းခွင်ကျွမ်းကျင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေကြောင်း အဆိုပါ ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းများ

ဘူလ်ဂေးရီးယားနိုင်ငံမြောက်ပိုင်းရှိ လွန်မြို့တွင် ဒါနဘီ မြစ်ရေလျှံ၍ ရေလွှမ်းနေသည်ကို ဧပြီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နှင့် ဖိလစ်ပိုင်သင်္ဘောနှစ်စင်း တိုကျိုအရှေ့ပိုင်း ပင်လယ်ဝတွင်တိုက်မိ

တိုကျို ဧပြီ ၁၄

ဖိလစ်ပိုင်ကုန်တင်သင်္ဘောတစ်စင်းနှင့် ဂျပန်ကုန်တင်သင်္ဘောတစ်စင်း တိုကျိုမြို့ အရှေ့ပိုင်း ပင်လယ်ဝတွင် ဧပြီ ၁၃ရက်က တိုက်မိကြကြောင်း ဂျပန်ကမ်းခြေစောင့် တပ်ဖွဲ့က ပြောကြားသည်။ ဖိလစ်ပိုင်ကုန်တင် သင်္ဘောသည် ပျက်စီးမှုအချို့ရှိခဲ့ပြီး သင်္ဘော၏ ထက်ဝက်ခန့် ရေတွင်နစ်မြုပ်နေလျက် ရှိသောကြောင့် သင်္ဘောနစ်မြုပ်သွားနိုင်သည့် အခြေအနေ ဖြစ်နေသည်။

သင်္ဘောအမှုထမ်း ၂၅ဦးအား အသက်ကယ်လှေများပေါ်သို့ ပြောင်းရွှေ့ကယ်တင်နိုင်ခဲ့သောကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **(အင်တာနက်)**

လင်းပိုင်အသေ ဆယ့်တစ်ကောင် ရိုမေးနီးယားပင်လယ်နက်ရေပြင်၌တွေ့ရှိ

ဘူခါရက် ဧပြီ ၁၄

ရိုမေးနီးယားနိုင်ငံ ပင်လယ်နက်ရေပြင်တွင် ပိုက်ကွန်အတွင်းမိနေသည့် သေဆုံးနေသော လင်းပိုင်ဆယ့်တစ်ကောင်ကို တွေ့ရှိရပြီး ၎င်းတို့မှာ ရေပိုင်နက်ကျူးလွန်ကာ ခိုးဖမ်းကြသူများ၏ လက်ချက်ဖြစ်ကြောင်း နယ်စပ်ရဲတပ်ဖွဲ့က ဧပြီ ၁၂ရက်တွင် ပြောကြားသည်။

လင်းပိုင်များကို ဖမ်းဆီးခြင်းမပြုရန် ရိုမေးနီးယားက တားမြစ်ထားသော်လည်း တရားမဝင် ငါးဖမ်းမှုများကြောင့် ၎င်းတို့၏ ဖမ်းဆီးခြင်းခံရမှုမှာလည်း အရေအတွက် သိသိသာသာတိုးတက်လျက်ရှိနေရာ ရိုမေးနီးယားရေပိုင်နက်တွင် လင်းပိုင်ကောင်ရေ ပျမ်းမျှ ၃၀၀၀သာလျှင် အသက်ရှင်ကျန်လျက်ရှိသည်။

မိမိတို့၏ ကင်းလှည့်အဖွဲ့သည် ရိုမေးနီးယားကမ်းလွန်ပင်လယ်မှ မိုင် ၅၀အကွာ ပင်လယ်နက်ရေပြင်တွင် လင်းပိုင် ဆယ့်တစ်ကောင်နှင့် ၁၀၀ကီလိုဂရမ်လေးသည့် ပင်လယ်ငါးခွေးလျှာနှင့်အတူ ငါးဖမ်းပိုက်အချို့ကို တွေ့ရှိခဲ့ကြောင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ကွန်စတင်တာမြို့မှ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အဒရိန်းဘာဆီယာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ယိုစိမ့်မှုဖြစ်

တရုတ်နိုင်ငံ ဟောဘေးပြည်နယ် ရန်ရှန်းစီရင်စုတွင် ဓာတုဗေဒပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး မြောင်းအတွင်း ထိုးကျခဲ့သဖြင့် ပြန်လည်မတင်နေသည်ကို ဧပြီ ၁၂ ရက်က တွေ့ရစဉ်။

(မော်တော်ယာဉ် ထိုးကျခဲ့စဉ် ဓာတုဗေဒယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဒေသခံ လူ ၂၀၀၀ ခန့်အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

နှစ်ဟောင်းအကုန် နှစ်သစ်အကူး စိတ်ရွှင်လန်းစွာ ဖြတ်သန်းပါ

မဟာသင်္ကြန်အထူးသတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၄

မကြာမီကာလတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်ရောက်ရှိပေတော့မည်။ ၁၃၆၇ ခုနှစ်၏ နောက်ဆုံးရက်များကို မြန်မာပြည်သူတို့ ရွှင်မြူးပျော်ရွှင်စွာ ရေကစားခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်း၊ အလှူဒါနပြုခြင်းနှင့် တရားဘာဝနာပွားများခြင်းတို့ဖြင့် အေးချမ်းသာယာစွာ ဖြတ်သန်းလျက်ရှိသည်။ နှစ်ဟောင်းအကုန် နှစ်သစ်အကူး အခါသမယတွင် စိတ်နေမှန်မြတ်ပြီး စိတ်ဓာတ်မြင့်မား ကြည်လင်စွာဖြင့် နှစ်သစ်ကို စတင်ရန် အရေးကြီးပေသည်။

ကုသိုလ်ကောင်းမှု

နှစ်စဉ်ဆင်နွှဲခဲ့သည့် သင်္ကြန်ပွဲတော်တိုင်းတွင် မြန်မာလူမျိုးတို့ ကောင်းခြင်းမင်္ဂလာနှင့် ပြည့်စုံသော အပြုအမူ၊ အပြောအဆိုများ၊ ကုသိုလ်ကောင်းမှု ရရှိစေသည့် ဆောင်ရွက်မှုများကိုသာ ပြုလုပ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အဆုံးအမများနှင့်အညီ နေထိုင်ကြသူများဖြစ်ရာ သင်္ကြန်ပွဲတော်တွင် နွှဲပျော်သူများပင် ဖြစ်လင့်ကစား အန္တရာယ်ဖြစ်စေသော ရိုင်းပျသောအပြုအမူများမရှိသလောက် နည်းပါးလေသည်။

လှူဒါန်း

မြန်မာလူမျိုးတို့အနေဖြင့် ဘိုးဘွားဘီဘင်လက်ထက်မှစတင်ကာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ရက်များကို နေ့ကြီးရက်ကြီးအဖြစ် အမွန်အမြတ်ထားနေထိုင်ခဲ့ကြသည်။ သင်္ကြန်ရက်များအတွင်းသီတင်းသီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့စေခြင်း၊ မင်္ဂလာရှိသော စကားကို ဆိုစေခြင်း၊ အကုသိုလ်ကိုရှောင်ပြီး ကုသိုလ်ကို ဆောင်စေခြင်း စသည့် ကောင်းမြတ်သော အလေ့အကျင့်များကို ငယ်စဉ်ကပင် သွန်သင်ဆုံးမခဲ့ကြသည်။

ဆေးကြောသန့်စင်

နှစ်ဟောင်းအကုန် နှစ်သစ်အကူး ထူးခြားမွန်မြတ်သည့် သင်္ကြန်ရက်များတွင် ကျေးလက်များ၌ တိရစ္ဆာန်များကို ဘေးမဲ့ပေးခြင်းများ ပြုလုပ်ကြသလို အမြို့မြို့အနယ်နယ်တွင်လည်း ငါးများ ဘေးမဲ့လွှတ်ခြင်း၊သက်ကြီးရွယ်အိုများအား ခေါင်းလျှော်၊ ရေချိုး၊ ခြေသည်းလက်သည်းလှီးပေးကာ ကုသိုလ်ယူခြင်း၊ ဘုရားကျောင်းကန် ဇရပ်များအား သန့်ရှင်းရေးပြုလုပ်ခြင်းများကို စိတ်လက်ကိုယ်ပါရွှင်လန်းစွာလုပ်ကိုင်ပေးခြင်းဖြင့် နှစ်ဟောင်းမှ မကောင်းခဲ့သည့် အညစ်အကြေးများကိုကောင်းမှုကုသိုလ်များဖြင့် ဆေးကြောသန့်စင်လိုက်ခြင်းပင် ဖြစ်သည်။

မကောင်းသည့် စိတ်ဓာတ်နှင့် အမူအကျင့်များ၊ အပြုအမူနှင့်လုပ်ကိုင်မှုများကို နှစ်သစ်တွင် မည်သို့မျှ မပါရှိရလေအောင် လူတိုင်းကြိုးစားကျင့်ကြံသင့်ပေသည်။ နှစ်သစ်တွင် စိတ်သစ်၊ အကြံသစ်များဖြင့် စတင်ရမည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှု

ထို့အတူယခုဆင်နွှဲနေသောမြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် ကာလအတွင်း ရေကစားသူများအား အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ရန်လည်း သက်ဆိုင်ရာက သတိပေးထားသည်။

အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရင်း သင်္ကြန်ပွဲတော်နွှဲပျော်ရသည်မှာ ဘေးအန္တရာယ်ကင်းဝေးပြီး ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခခံစားရမည် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သရုပ်ပျက်စွာ အပျော်ကြူးပါက ဘေးအန္တရာယ်များကြုံတွေ့ရနိုင်သည့်အပြင် ထူးခြားမွန်မြတ်သည့် သင်္ကြန်ပွဲတော်အခါသမယတွင် မိမိကြောင့် မိသားစုပါ သောကပင်လယ် ဝေစေမည်ဖြစ်သည့် အတွက်သတိပြုဆင်ခြင်သင့်ပေသည်။

မြန်မာပြက္ခဒိန်အရ ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်ငါးရက်နေ့ကား နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းခညောင်းစေရန်အတွက် လူတိုင်းမင်္ဂလာရှိသော ကောင်းကျိုးချမ်းသာကိုဖြစ်ပွားစေသော အပြုအမူ၊ အကြံအစည်အလုပ်အကိုင်များကို ယခုအချိန်မှစတင်ကာ ပြုလုပ်သင့်ပေသည်။

ကုသိုလ်ဘာဝနာ

အထူးသဖြင့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလမှာပင် သင်္ကြန်ရေနှင့်အတူ မိမိတို့၏ မကောင်းသည့်စိတ်ဓာတ်၊ မကောင်းသည့်လုပ်ရပ်များကို ဆေးကြော သန့်စင်ရမည်ဖြစ်ပြီး သင်္ကြန်ပွဲတော် နွှဲပျော်ခြင်းနှင့်အတူ ကုသိုလ်ဘာဝနာပွားများခြင်းကိုလည်း တတ်နိုင်သမျှဆောင်ရွက်ရမည်ဖြစ်သည်။

မိမိတို့နေအိမ်များရှိဗုဒ္ဓရုပ်ပွားတော်များနှင့် ရဟန္တာကိုယ်တော်မြတ်များအား ရေသပ္ပာယ်ခြင်း၊ပန်း၊ဆီမီးဆက်ကပ်ပူဇော်ခြင်း၊ တရားဘာဝနာ ပွားများခြင်း၊ တတ်နိုင်သမျှ အလှူဒါနပြု ကျွေးမွေးခြင်း၊ မိမိ၏ ကိုယ်စိတ်နှလုံး သုံးပါးကို ဖြူစင်စွာထားရှိကာ နှစ်သစ်ကို စတင်ရန် လိုအပ်ပေသည်။

နှစ်ဟောင်းအကုန် နှစ်သစ်အကူး မြန်မာတစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲဆင်နွှဲနေသော မြန်မာ့သင်္ကြန်ပွဲတော်ကား အကြတ်နေ့သို့ ရောက်ခဲ့ပြီဖြစ်သည်။ သင်္ကြန်အကတို့ မြိုင်မြိုင်ဆိုင်ဆိုင်၊ သင်္ကြန်ရေကစားသူတို့ကလည်းအပြိုင်အဆိုင်ဖြင့် နှစ်ကူးအတာသင်္ကြန်ကို အစွမ်းကုန် နွှဲပျော်လျက်ရှိနေသည်။

အစဉ်အလာကောင်း

ထို့အတူ မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ ပုထိုး၊ စေတီနှင့် တရားရိပ်သာများတွင်လည်း ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပွားများကြသူများနှင့် စည်ကားလျက်ရှိသည်။ အလှူပေးရလျှင် စိတ်ပျော်ရွှင်နေတတ်သည့် မြန်မာလူမျိုးတို့အနေဖြင့် တတ်နိုင်သမျှ အလှူဒါနပြုမှု တစ်ခုခုကို သင်္ကြန်ကာလအတွင်း ဖြစ်မြောက်အောင် ပြုလုပ်ကြသည်မှာလည်း အစဉ်အလာကောင်းတစ်ရပ်ပင် ဖြစ်ပေသည်။

မြန်မာလူမျိုးတို့၏ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ထူးခြားလေးနက်မှုရှိသည်ဖြစ်ရာ နှစ်ဟောင်းအကုန် နှစ်သစ်အကူးတွင် လူတိုင်းစိတ်သစ်၊ အသွင်သစ်ဖြင့် လန်းဆန်းရွှင်လန်းစွာ ဖြတ်သန်းသင့်ကြောင်း ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကျနေ့)က ပြည်လမ်းမကြီးပေါ်တွင် သင်္ကြန်ချစ်သူများ ဤသို့ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြန်မာ့သင်္ကြန်

(၁)

သင်္ကြာရာဇ်ဟောင်း၊ ပြောင်းခဲ့ပြီဖြစ်
နှစ်သစ်ကိုဝင်၊ ပုံရိပ်ထင်ပြီး
ချစ်ခင်ရင်းနှီး၊ ပေါင်းစည်းသင်္ကေတ
အလှညီညွတ်ရေး၊ သင်္ကြန်တေးတွေ
စည်စည်ဝေပြီး၊ တို့မြေအတွင်း
ငြိမ်းချမ်းခြင်းကို၊ ညွှန်းဆိုဖော်ပြ
ဘဝဖွံ့ဖြိုး၊ တိုးတက်ခေတ်မီ
ပြည်သစ်တည်ရန်၊ ညီညွတ်စည်းရုံး
နိုင်ငံလုံးက၊ ကြိုးပမ်းကြမည်
ယုံကြည်အဓိဋ္ဌာန်၊ သင်္ကြန်အလှ
ထုဆစ်ကြသည်၊ မြန်မာ့အင်အား
ကမ္ဘာကြားစေ၊ သံချပ်တွေတိုင်
တေးသံလှိုင်လျက်၊ ဖျန်းပက်အတာရေ
အေးမြလေစွ၊ ထိရှရင်ထဲ
လှုပ်ခတ်ဆဲပင်၊ ဆင်နွှဲပြည်သူ
ဖြူစင်သဘော၊ မနောမွန်မြတ်
ထင်ဟပ်ဖော်ကျူး၊ ဖူးပွင့်နေသော ပိတောက်ပန်း။

(၂)

ပိတောက်ပန်းတို့၊ ပွင့်လန်းအလှ
ငြိမ်းချမ်းစွတည့်၊ မြန်မာ့ယဉ်ကျေးမှု
ထုထည်ကျစ်လျစ်၊ နှစ်ပေါင်းထောင်ချီ
ဖြစ်တည်ရှင်သန်၊ သင်္ကြန်ဓလေ့
ပျော်မွေ့စရိုက်၊ သိုက်သိုက်ဝန်းဝန်း
ပြုံးပြုံးတီးတီး၊ ရင်းနှီးအစဉ်
ရေသဘင်ပွဲ၊ ဆင်နွှဲမပြတ်
မွန်မြတ်စဉ်လာ၊ ထိန်းသိမ်းလာခဲ့
"မြန်မာ"ဟူသည်၊ ဖြူစင်စိတ်ရင်း
ရှင်းသန့်နေကြောင်း၊ သွန်းလောင်းအတာရေ
သက်သေတင်စား၊ ထင်ရှားပြသည်
အေးမြစမ်းရေပမာတည်း။ ။

ကေတုနီလာ

စိုးရိမ်ပူပန်တတ်သော အမျိုးသမီးများ ကိုယ်ခန္ဓာမလှပနိုင်

အမြဲတမ်းစိုးရိမ်စိတ် ဖြစ်ပွားနေသော အမျိုးသမီးများနှင့် ၎င်းတို့၏ ခန္ဓာကိုယ်အလှအပသည် ဆက်စပ်လျက်ရှိကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

စိုးရိမ်စိတ်

ဘဝတွင်စိုးရိမ်စိတ်များလွန်းသော အမျိုးသမီးများ၏ ခန္ဓာကိုယ်သည် ကြည့်ကောင်းသည့် အချိုးအစား မရှိတတ်ကြကြောင်း၊အမျိုးသမီး ၅၀၀၀ ကိုမကြာမီက ပြုလုပ်သည့် သုတေသနစစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

ခန္ဓာကိုယ်အနေအထား

သာမန်အမျိုးသမီး ၅၀တွင်တစ်ဦး ခန့်သာကြည့်ကောင်းသည့် ခန္ဓာကိုယ် အနေအထားရှိပြီး ကျန်အမျိုးသမီးများ ကြည့်ကောင်းသည့် အနေအထားမရှိကြောင်း၊ ၎င်းတို့ကို စစ်ဆေးကြည့်ရာတွင် စိုးရိမ်ပူပန်စိတ်များပြားသူများ ဖြစ်နေကြောင်းတွေ့ရှိရသည်ဟုအဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကိုယ်အလေးချိန်

ထိုသို့ စိုးရိမ်ပူပန်မှုများသော အမျိုးသမီးများ၏ ကိုယ်အလေးချိန်မှာ သာမန်အမျိုးသမီးတစ်ဦး၏ကိုယ်အလေးချိန်ထက် ၁၉ပေါင်ခန့် လျော့နည်းနေတတ်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ သို့သော်လည်း စိုးရိမ်ပူပန်စိတ်များပြီး အနေအထိုင် အစားအသောက် မဆင်ခြင်သော အမျိုးသမီးများ၌မူ ကြည့်ကောင်းသည့် ခန္ဓာကိုယ် အလှမျိုးမဟုတ်ဘဲ အဝလွန်မှုဖြစ်နေသည့် အမျိုးသမီး ဖြစ်နေတတ်ပြန်ကြောင်း သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

အဆိုပါ သုတေသနပြုချက်ကို လန်ဒန်မြို့ရှိ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဂါရာဒီးရာ မဂ္ဂဇင်း၌ မကြာမီက ဖော်ပြခဲ့သည်။

(ကိုးကား–အင်တာနက်)





သောကြာဂြိုဟ်၏ တောင်ဘက်စွန်းပုံရိပ်

ဥရောပအာကာသ အေဂျင်စီမှ သောကြာဂြိုဟ်လေ့လာရေးအတွက် အာကာသသို့လွှတ်တင်ထားသော သောကြာဂြိုဟ် စူးစမ်းလေ့လာရေးယာဉ်မှ သောကြာဂြိုဟ်၏ တောင်ဘက်စွန်းဆုံးကျသည့် ပုံရိပ်တစ်ခုကို မြေပြင်စခန်းသို့ ပေးပို့ခဲ့သဖြင့် မြေပြင်စခန်းမှပထမဆုံးအကြိမ် သောကြာဂြိုဟ်ပုံရိပ်ကို ဧပြီ ၁၃ရက်က ထုတ်ပြန်လိုက်သည်။ (အပေါ်ပုံ)

ဓာတ်ပုံရိုက်ယူ

သောကြာဂြိုဟ်၏ တောင်ဘက်စွန်းဆုံးကျမည့်ပုံရိပ်ကို သောကြာဂြိုဟ်မှ ကီလိုမီတာနှစ်သိန်းအကွာမှ ဓာတ်ပုံရိုက်ယူခဲ့ခြင်းဖြစ်သည်။ ထုတ်ပြန်လိုက်သည့် ဓာတ်ပုံအရ သောကြာဂြိုဟ်ဝန်းကျင်တွင် အဝါရောင်တိမ်တိုက်ကဲ့သို့သော လေထုရုပ်ဝန်းတစ်ခု ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

သုတေသနပြု

ကမ္ဘာထက် လေထုဖိအားအဆ ၉၀ခန့်ရှိသော အဝါရောင်ရှိသည့် တိမ်တိုက်ကဲ့သို့သောရုပ်ဝန်း မည်ကဲ့သို့ တည်ရှိနေသည်ကို သောကြာဂြိုဟ် စူးစမ်းလေ့လာရေးယာဉ်တွင်ပါရှိသော ကိရိယာများဖြင့် စစ်ဆေးသုတေသနပြုသွားမည်ဖြစ်သည်။

သောကြာဂြိုဟ်လေ့လာရေး အာကာသယာဉ်တွင် အထူးစွမ်းရည်မြင့်ကင်မရာများ၊ လေထုဖိအားတိုင်းကိရိယာများ၊ ရာသီဥတုဖော်ပြသည့် ကိရိယာများစသည့် ပစ္စည်းပေါင်းများစွာ ပါရှိသွားသည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့
ပျော်ရွှင်စွာဆင်နွှဲ အတာရေသဘင်ပွဲ



၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကျနေ့)တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ တုန်တာရေကစားမဏ္ဍပ်၌ ဤသို့ ရေကစားခဲ့ကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ မဟာ သင်္ကြန် (အကျနေ့)တွင် ပု ဇွန် တောင် မြို့နယ်ရေကျော် လမ်းမ ကြီး ရှိ စိန် ဘ ယက် မိသားစု ရေ ကစားမဏ္ဍပ်၌ ဤသို့ ပျော် ရွှင်စွာ ရေပက် က စား ခဲ့ ကြ သည်မှာ...။

(မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကျနေ့)တွင် အင်းလျားလမ်း၌ ပျော်ရွှင်စွာ ဤသို့ ရေပက်ကစားခဲ့ကြသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကျနေ့) တွင် ပြည်လမ်းမကြီး၌ ပျော်ရွှင်စွာ ဤသို့ ရေပက်ကစားကြသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် (အကျနေ့) က ရန်ကုန်မြို့၌ မဟာသင်္ကြန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနော်ရထာလမ်းမကြီးတစ်လျှောက် ရေပက်ခံကားများဖြင့် ဤသို့ စည်ကားခဲ့သည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးနိုင်သည့်မြေများကို အပြည့်အဝအသုံးချ အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပဏာမ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နေပြည်တော်မြို့တော် နေပြည်တော် လေဆိပ်မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဧပြီ၁၂ရက် နံနက်၁၁နာရီ မိနစ်၄၀ တွင် အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စစ်တွေလေဆိပ်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ် အစည်းအဝေးခန်းမသို့ရောက်ရှိကြပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

သုံးသပ်ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးနိုင်သည့်မြေများကို အပြည့်အဝအသုံးချ၍ သီးနှံများ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးသွားရေး၊ လက်ရှိအခြေအနေထက် သီးနှံစိုက်စွမ်းအားမြှင့်တင်သွားရေး၊ ဆန်စပါး ပိုမိုဖူလုံပိုလျှံရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပြည်နယ်အတွင်း စားသုံးဆီဖူလုံရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ အဓိက သီးနှံ ၁၀ မျိုးအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းရေး၊ ပြည်နယ်၏ ရေမြေသယံဇာတအခြေအနေပေးမှုကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ပြီး ရခိုင်ပြည်နယ်ကို နိုင်ငံတော်အတွက် စီးပွားရေးအရ အားထားရသော ပြည်နယ်ဖြစ်ပေါ်စေရေးတို့ကိုသုံးသပ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများက ဆွေးနွေးကြရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြည်နယ်အတွင်း စိုက်ဧကတိုးချဲ့ရေး၊ မြို့နယ်အလိုက် ဒေသဆန်ဖူလုံရေး၊ ရော်ဘာစိုက်ပျိုးရေး၊ ကြက်ဆူမျိုးပင် ရရှိရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိုင်ငံတော်၏ ပို့ကုန်ပမာဏမြင့်မားတိုးတက်လာသည့် အခြေအနေများ၊ ငရုတ်ကောင်း၊ ရေထွက်ပစ္စည်း၊ စိုက်ပျိုးရေးထွက်ကုန်၊ သစ်တောထွက်ပစ္စည်း၊ ကြက်သွန်နီ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို ပြည်ပသို့တင်ပို့၍ ပြည်နယ်၏ဝင်ငွေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်နယ်အတွင်းရှိ မြေအမျိုးအစားနှင့် မြေအသုံးချနိုင်မှုများ၊ သီးနှံစိုက်စွမ်းအား အခြေအနေများ၊ ၂၀၀၅-၂၀၀၆ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှုများ၊ ရော်ဘာ၊ သစ်ဆိမ့်၊ ဆီအုန်းစိုက်ပျိုးမှုများ၊ ရော်ဘာဧကတစ်သိန်းစိုက်ပျိုးသွားမည့် အစီအစဉ်များ၊ အမယ်သစ်သီးနှံ ငရုတ်ကောင်း စိုက်ပျိုးမှုများ၊ သုံးနှစ်အတွင်း ကြက်ဆူပင်ဧကငါးသိန်း စိုက်ပျိုးနိုင်ရေး စီစဉ်ထားမှုများ၊ ဒေသဆန်၊ ဆီဖူလုံမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိမှုများ၊ ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) အခြေအနေနှင့် လူတစ်ဦးချင်း ဝင်ငွေတိုးတက်လာမှုများကို ရှင်းလင်းတင်ပြပြီး ရသေ့တောင်-ပုဏ္ဏားကျွန်းလမ်း၊ ပေါက်တော-မင်းပြားလမ်း၊ မြေပုံ-မင်းပြား လမ်းနှင့် မာန်အောင်မြို့ ကျွန်းပတ်လမ်းဖောက်လုပ်သွားမည့် အခြေအနေများ၊ စစ်တွေမြို့ရှိ တယ်လီဖုန်းဆက်သွယ်မှုစနစ်ကို အဆင့်မြှင့်တင်ရန်ကိစ္စများ၊

❒ လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများ ရရှိလာသည်နှင့်အမျှ နယ်မြေဒေသ အသီးသီး၏ စီးပွားရေး၊ လူမှုရေးအပါအဝင် လူနေမှုဘဝများ သည်လည်း အမှန်တကယ် မြင့်မားတိုးတက်လာမှာဖြစ်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စစ်တွေလေဆိပ်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ရခိုင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့ဝင်များက ကြိုဆိုကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရခိုင်ပြည်နယ်အတွင်း တယ်လီဖုန်းဆက်သွယ်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍတို့ တိုးတက်မြင့်မားလာသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြည်နယ်အတွင်း ပုစွန်မွေးမြူခြင်းလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိနိုင်မှုများ၊ တိရစ္ဆာန်မှ လူကိုကူးစက်တတ်သည့် ရောဂါကာကွယ်တားဆီးထိန်းချုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျန်းမာရေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြည်နယ်၏ ကျန်းမာရေးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရခိုင်ပြည်နယ်အတွင်း အလားအလာကောင်းများတွေ့ရှိရသည့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပိုမိုဖွံ့ဖြိုးတိုးတက်အောင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ရခိုင်ပြည်နယ်သို့ မိမိတို့လာရောက်ခြင်းမှာ ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ သွားလာမှု လွယ်ကူစေရေးအတွက် ရန်ကုန်– အမ်း–စစ်တွေကားလမ်းကြီးကို ခက်ခက်ခဲခဲဖောက်လုပ်ပေးခဲ့ပြီဖြစ်ရာ ယခုအခါ ယင်းလမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်မှ ပြည်သူများသည် အခြားပြည်နယ်၊ တိုင်းများသို့ မော်တော်ကားများဖြင့် လွယ်လင့်တကူ ကူးသန်းသွားလာနေကြပြီဖြစ်ကြောင်း။

ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမသစ်ကြီး

ထို့အတူ ကျောက်ဖြူ–ရန်ကုန် ကားလမ်းကြီးကိုလည်း ဒီရေတော၊ ဗြုံးတောများကို ဖြတ်သန်း၍ ခက်ခဲစွာဖောက်လုပ်လျက်ရှိရာ ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီးကဲ့သို့ပင် ရန်ကုန်–ကျောက်ဖြူ ပြည်ထောင်စုလမ်းမသစ်ကြီး ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း။

ဆက်သွယ်သွားလာမှုခက်ခဲသော ရခိုင်ပြည်နယ်အတွက် မြစ်ကူး၊ ချောင်းကူးတံတားကြီးများအပါအဝင် ယင်းအခြေခံလမ်းမကြီးများကို ဘဏ္ဍာငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ မိမိတို့နိုင်ငံတော်အပိုင်းက ရင်းနှီးတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

ညီညီညွတ်ညွတ် ကြိုးစားပမ်းစားအလုပ်လုပ်မှ ဖွံ့ဖြိုးတိုးတက်မည်

မိမိတို့နိုင်ငံ၊ မိမိတို့နယ်မြေဒေသများ၏ ရေမြေသဘာဝ သယံဇာတအခြေအနေများသည် ကြီးပွားချမ်းသာနိုင်သည့် အခြေအနေကောင်းများအဖြစ် ရှားရှားပါးပါးတည်ရှိနေခြင်းဖြစ်၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအသီးသီး စီးပွားရေး တောင့်တင်းခိုင်မာရန်တို့အတွက် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးစားပမ်းစား ကြံရည်ဖန်ရည်ရှိရှိ အလုပ်လုပ်ကြရန်လို၊ အလုပ်လုပ်မှသာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်။

ဇီဝဒီဇယ်ဆီထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်နှင့် နိုင်ငံခြားဝင်ငွေရရှိသည့် ရော်ဘာပင် တိုးချဲ့စိုက်ပျိုး

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးအကြား ဆူကြံ့နိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး နယ်မြေဒေသအားလုံး ညီညီမျှမျှ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေချင်၍ ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ရခိုင်ပြည်နယ်ကဲ့သို့ပင် တနင်္သာရီတိုင်း၌ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီ-မြိတ်-ထားဝယ် လမ်းမကြီးကို အခက်အခဲများကြားမှပင် ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

သိသိသာသာဖွံ့ဖြိုးတိုးတက်

ထို့အတူ ရေလမ်းခရီးကိုသာ အဓိက အားကိုးအားထားပြုနေရသည့် ဧရာဝတီတိုင်း၌လည်း လိုအပ်သော ကားလမ်းနှင့်တံတားများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းသည် ယခင်ကနှင့်မတူ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူမြန်ဆန်ပြီး အရှိန်အဟုန်ဖြင့် သိသိသာသာဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု အခြေခံကောင်းများရရှိလာသည်နှင့်အမျှ နယ်မြေဒေသအသီးသီး၏ စီးပွားရေး၊ လူမှုရေးအပါအဝင် လူနေမှုဘဝများသည်လည်း အမှန်တကယ် မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း။

အလုပ်လုပ်ပြီးတုံ့ပြန်

ယင်းယုံကြည်ချက်ဖြင့် နိုင်ငံတော်အပိုင်းက ဖန်တီးတည်ဆောက်ပေးထားသော အခြေအနေကောင်းများကို တန်ဖိုးရှိရှိ၊ ထိုက်ထိုက်တန်တန် အသုံးချ၍ မိမိတို့ပြည်နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် လူတိုင်းလူတိုင်းက ဖိဖိစီးစီး ကြိုးကြိုးစားစား အလုပ်လုပ်သွားကြရန် အရေးကြီးကြောင်း၊ အလုပ်လုပ်မှသာ ကုန်ထုတ်လုပ်မှု တိုးတက်မှာဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်မှသာ စီးပွားရေးတိုးတက်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ မွန်မြတ်သောစေတနာနှင့် ရည်ရွယ်ချက်ကို အလုပ်လုပ်ပြီးတုံ့ပြန်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ နယ်မြေဒေသတိုင်းကိုကြည့်ပါက အားလုံးသည် တိုင်းပြည်အတွက် တန်ဖိုးရှိကြသည့် ဒေသများသာဖြစ်ကြကြောင်း၊ နယ်မြေဒေသအသီးသီး၏အနေအထားအရ စီးပွားဖြစ်ထွန်းရန် အလားအလာကောင်းများ ကိုယ်စီရှိကြကြောင်း၊ ဥပမာ-ရခိုင်ပြည်နယ်ဆိုလျှင် မြစ်ဝကျွန်းပေါ်ဒေသမျိုးဖြစ်ပြီး စိုက်ပျိုးမှုလုပ်ငန်း ဖြစ်ထွန်းအောင်မြင်သည့် ဒေသဖြစ်ကြောင်း၊ ထို့အတူ ဇီဝဒီဇယ်ဆီထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်လည်း ပေါက်ရောက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း သုံးသပ်ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကြောင်း၊ မိမိတို့နိုင်ငံ၏ ခြံစည်းရိုးကြက်ဆူပင်သည် အလေ့ကျ လွယ်လင့်တကူ ပေါက်ရောက်သည့် အပင်မျိုးဖြစ်သည့်အပြင် မိမိတို့နိုင်ငံ၏ ဒေသတိုင်း၌ စနစ်တကျ တိုးချဲ့စိုက်ပျိုး၍ရနိုင်သည့် အခြေခံကောင်းရှိပြီးဖြစ်ရာ ကျေးလက်ဒေသသုံး စက်ယန္တရားအားလုံးအတွက် အသုံးပြုနိုင်သော ဒီဇယ်ဆီကို ထုတ်ယူရရှိနိုင်သည့် အခွင့်အလမ်းရရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာပင်ကိုလည်း နိုင်ငံတော်၏ ဒေသအချို့မှအပ ဒေသအားလုံးလိုလို၌ တိုးချဲ့စိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် နိုင်ငံခြားဝင်ငွေရရှိသည့်ရော်ဘာပင်ကို တိုးချဲ့စိုက်ပျိုးနိုင်သော အခွင့်အလမ်းလည်းရှိနေကြောင်း။

ခြုံလိုက်ပါက မိမိတို့နိုင်ငံ၊ မိမိတို့နယ်မြေဒေသများ၏ ရေမြေသဘာဝ သယံဇာတ အခြေအနေများသည် ကြီးပွားချမ်းသာနိုင်သည့် အခြေအနေကောင်းများအဖြစ် ရှားရှားပါးပါးတည်ရှိနေခြင်းဖြစ်၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသအသီးသီး စီးပွားရေးတောင့်တင်းခိုင်မာရန်တို့အတွက် ဒေသတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ကြိုးစားပမ်းစား ကြံရည်ဖန်ရည်ရှိရှိ အလုပ်လုပ်ကြရန်လိုကြောင်း၊ အလုပ်လုပ်မှသာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

စစ်တွေတပ်နယ်

ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တွေတပ်နယ် ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့်မိသားစုများအား တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရခိုင်ပြည်နယ်သို့ ဗိုလ်ချုပ်မှူးကြီးခေါင်းဆောင်သည့်အဖွဲ့ ရောက်ရှိလာသည့် ရည်ရွယ်ချက်များ၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်အောင် တည်ဆောက်နေမှုများကို ပဏာမ ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တည်ဆောက်ရေး၊ တပ်မတော်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများ၏ အရေးကြီးပုံ၊ တပ်မတော်၏အား၊ ပြည်သူတို့၏အား တောင့်တင်းခိုင်မာရန် လိုအပ်ပုံတို့ကိုမှာကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံမှာကြား

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် စစ်တွေမြို့ရှိ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေမြို့ရှိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၄-၂၀၀၆ရက် (စနေနေ့)

(သင်္ကြန်အကြတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချို့အေး မင်္ဂလာတေး
- ၇:၅၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၀ ၇။ ရွှေလီတံတား
- ၈:၁၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၉။ ခါသင်္ကြန်အဆိုအကများ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ ခါသင်္ကြန်အဆိုအကများ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ ခါသင်္ကြန်အဆိုအကများ
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့တာသင်္ကြန်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၀၅ ၆။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
- ၁၃:၁၅ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၁၃:၂၀ ၈။ ရုပ်မြင်သံကြားဇာတ်လမ်း **"လတန်ရူးပေမို့"** ရုပ်မြင်သရုပ်ဆောင်များ (ဒါရိုက်တာ-စန်းစန်းလှိုင်)
- ၁၃:၄၅ ၉။ ခါသင်္ကြန်အဆိုအကများ
- ၁၃:၅၅ ၁၀။ အဆိုပြိုင်ပွဲ
- ၁၄:၀၀ ၁၁။ **"ဒို့တစ်ရွာလုံးချမ်းသာပြီ"** ဆန်းထွန်း၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-တင်အောင်ရွှေ-သုတေသီ)
- ၁၄:၃၀ ၁၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၁၃။ **"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၄:၄၅ ၁၄။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ အရေးပြိုင်ပွဲ
- ၁၆:၅၀ ၅။ ခါသင်္ကြန်အဆိုအကများ
- ၁၇:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၇:၁၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၂၅ ၈။ ခါသင်္ကြန်အဆိုအကများ
- ၁၇:၃၅ ၉။ ချစ်စရာ့တာသင်္ကြန်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ Discovery
- ၁၈:၅၀ ၁၃။ ခါသင်္ကြန်အဆိုအကများ
- ၁၉:၀၅ ၁၄။ အတီးပြိုင်ပွဲ
- ၁၉:၁၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၂၅ ၁၆။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၃)
- ၁၉:၃၀ ၁၇။ ခါသင်္ကြန်အဆိုအကများ
- ၁၉:၄၀ ၁၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၁၉:၅၀ ၁၉။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
- ၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ မြန်မာရုပ်ရှင် **"မမုန်းလေနဲ့ ငပလီ"** (အပိုင်း-၁) ရန်အောင်၊ ဒွေး၊ မေသန်းနု၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)

မြန်မာ့သင်္ကြန်၏ပသာဒ ပြည်ထောင်စု၏အလှ

မြန်မာတို့သည် သင်္ကြန်ဓလေ့ကို မြန်မာ့အလှ ပသာဒအဖြစ် အစဉ်အဆက် တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းခဲ့သည်။ နိုင်ငံတကာတွင် အင်အားကြီးနိုင်ငံများက ယဉ်ကျေးမှုနယ်ချဲ့စနစ်ဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကွယ်ပစေပြီး အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးစေရန် အားထုတ်သော ကာလဖြစ်သည်။ ထိုကာလတွင် မြန်မာတို့သည် မြန်မာ့သင်္ကြန်ဓလေ့အတွင်းသို့ တိုင်းတစ်ပါးယဉ်ကျေးမှု များ ဝင်ရောက်မှုမှ ကာကွယ်ကြ၍ ပင်ကိုစရိုက် မတိမ်းပါးစေရန် စောင့်ရှောက်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ တပေါင်းတစည်းတည်း စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ယဉ်ကျေးမှု ဓလေ့စရိုက်များကအစ သယံဇာတအဆုံး တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဥစ္စာ ရတနာ ဖြစ်လေရာ မြန်မာ့သင်္ကြန်ဓလေ့ ထိန်းသိမ်းရန် တာဝန်သည် ပြည်ထောင်စုတာဝန်တစ်ရပ် ဖြစ်လေသည်။

မြန်မာ့သင်္ကြန်ဓလေ့သည် တိုင်းရင်းသားထုအတွင်း ရေမြေဒေသကြောင့် အနည်းငယ်ကွာခြားမှု ရှိကောင်းရှိနိုင်သော်လည်း အခြေခံတူညီသော ဓလေ့စရိုက်ဖြင့် နှစ်ပေါင်းရာချီ တည်တံ့ခဲ့သည်။ ဥပမာ–ရခိုင်သင်္ကြန်ဓလေ့ဖြစ်သော လောင်းလှေတစ်စင်းတွင် ရေအပြည့်ဖြည့်ကာ လုလင်ပျိုနှင့်လုံမပျိုတို့ လောင်းလှေ၌မျက်နှာချင်းဆိုင်ကာ ရေကစားသည့်ဓလေ့၊ မွန်သင်္ကြန်ဓလေ့ဖြစ်သော ဖယောင်းနံ့သင်းသည့် သင်္ကြန်ထမင်းကျွေးမွေးသော ဓလေ့၊ "သမန်းကျား"အကဖြင့် ရန်ပုံငွေရှာ၍ သက်ကြီးပူဇော်ပွဲ၊ စတုဒိသာကျွေးပွဲတို့ကို ဆောင်ရွက်လေ့ရှိသော ထားဝယ်ဒေသနှင့် မြိတ်ဒေသဓလေ့ စသည်တို့ဖြစ်သည်။ မြန်မာ့သင်္ကြန်ဓလေ့ကား ကွဲပြားခြင်းဟု မဆိုအပ်သော ထူးခြားသည့် ဝိသေသများနှင့် ကုံလုံကြွယ်ဝ လှပေသည်။ တိုင်းရင်းသားများသည် တစ်ဒေသမှတစ်ဒေသသို့ ကူးလူးဆက်ဆံကာ မြန်မာ့သင်္ကြန်ဓလေ့တွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပေသည်။

"သင်္ကြန်မိုးရေ ထူးထွေဆင်း ကောင်းကင်ကမဆင်း မြေမှာခင်း မြင်စိုင်းဒေသ သာဘိချင်း" ဟူသော မြင်စိုင်းခေတ် ကာချင်းတစ်ပုဒ်က ရှမ်း–မြန်မာ စည်းလုံးမှုဖြင့် ထူထောင်သော မြင်စိုင်း(ပင်းယ)တွင် မြန်မာ့သင်္ကြန်ဓလေ့ကို ရှမ်းနှင့်မြန်မာ ပူးပေါင်းဆင်နွှဲပုံ ဖော်ပြထားပေသည်။ ထို့အတူ ဘကြီးတော်မင်းတရားလက်ထက် ၁၁၈၅ခု မြန်မာသင်္ကြန်ပွဲ၌ကျင်းပသော နှစ်သစ်ကန်တော့ပွဲ ဆင်နွှဲခဲ့မှုကို စာဆိုတော် နဝဒေးက တရုတ်သံရောက် မော်ကွန်းအပိုဒ်(၁၃)၌ "မင်းမိဖုရား၊ မင်းညီမင်းသားနှင့် စော်ဘွားရွာရ ရာချင်းသွယ် သူဌေးကြွယ်တို့"ဟူ၍ ဖော်ပြခဲ့ပါသည်။ စစ်သူကြီး မဟာဗန္ဓုလကလည်း အာသံပြည်စစ်ကြောင်းမှ အောင်တပ်ချီလာ၍ ဇန်းမော်သို့ ၁၁၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်နေ့တွင် ဆိုက်ရောက်သည်။ တရုတ်သံတို့သည်လည်း ၁၁၈၄ခုနှစ် ပြာသိုလဆန်း ၆ ရက်နေ့တွင် ကြို၍ ရောက်နှင့်နေသည်။ မဟာဗန္ဓုလသည် အာသံတိုက်ပွဲတွင် မြန်မာတပ်မတော်၌ ပါဝင်ခဲ့ကြသော အာသံစော်ဘွားတို့နှင့်အတူ ၁၁၈၅ ခုနှစ် မြန်မာသင်္ကြန်ပွဲနှင့် နှစ်သစ်ကန်တော့ပွဲကို တက်ရောက်ခဲ့သည်။ တရုတ်သံတို့သည်လည်း ဘကြီးတော်မင်းတရား၏ နှစ်သစ်ကန်တော့ခံပွဲနှင့် မြန်မာ့သင်္ကြန်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရတနာပုံ ပထမမြို့တည်နန်းတည်မင်းတရားကြီးလက်ထက် မြန်မာသင်္ကြန်ပွဲတော်ကျင်းပရာတွင် မှန်နန်းတော် ဘမရာသနပလ္လင် မနောမယ ထီးဖြူတော်အောက်တွင် နေရာတော်ခင်းကျင်းပြီးလျှင် မင်းတရားကြီးနှင့်တကွ မင်းညီမင်းသား၊ မှူးတော်မတ်တော်များ၊ မြို့စားရွာစားများ သင်္ကြန်ထမင်း တည်ခင်းခဲ့ကြောင်း၊ မြို့တော်အတွင်းအပြင် ဒုက္ခိတ မိန်းမယောက်ျား လူပေါင်း နှစ်ရာတစ်ဆယ့်ခြောက်တို့ကို တစ်ကိုယ်လျှင် ကျပ်သုံးဒင်္ဂါးပြားရေ နှစ်ဆယ်ကျ ဒင်္ဂါးပေါင်း လေးထောင့်သုံးရာ့နှစ်ဆယ် ပေးကမ်း စွန့်ကြဲခဲ့ကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၌ ဖော်ပြထားသည်။

စာဆိုရှင် နတ်သျှင်နောင်က စစ်ချီရတုတွင် "ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သတ်မှတ်၊ ရောက်ခဲလတ်" ဟူသည့် စာပိုဒ်နှင့် မြန်မာ့သင်္ကြန်ကို တမ်းတခဲ့သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက မြန်မာ့သင်္ကြန်ပွဲတွင် တိုင်းရင်းသားများ ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားလျက်ရှိသည်။ ယမန်နှစ်က မြန်မာသင်္ကြန်ပွဲသို့ ကချင်ပြည်နယ်မှ ဆဒုန်းကန်သိုက်တည်းဒေသ၊ မယ်စဲ့ဒေသ၊ ချင်းပြည်နယ် ထန်တလန် လုံလဲရ်ဒေသ၊ စစ်ကိုင်းတိုင်း လေရှီးပန်ဆယ်ဒေသ၊ မွန်ပြည်နယ် မော်ဇာဒေသ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဝိန်းကောင်ဒေသ၊ မန်တုံဒေသ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းဒေသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသတို့မှ တိုင်းရင်းသားတိုင်းရင်းသူများ၊ နယ်စပ်ဒေသတိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ပူတာအို၊ ခေါ့ဖုန်းယန်၊ ဒွန်ဘန်ဒေသနှင့် စစ်ကိုင်းတိုင်း လေရှီး၊ လဟယ်၊ နန်းကွန်းဒေသမှ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းမှ သင်တန်းသူများကို ဖိတ်ကြားခဲ့ပါသည်။

ခြင်ကျား(မအူပင်)

တိုင်းရင်းသား၊ တိုင်းရင်းသူများသည် ၁၃၆၆ခု မြန်မာသင်္ကြန်ပွဲတွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စုရပ်ထားကာ မြန်မာသင်္ကြန်ကို ဆင်နွှဲခဲ့ကြသည်။

၂၀၀၅ခုနှစ် ဧပြီ ၁၄ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ ပုဂ္ဂိုလ်များသည် နယ်စပ်ဒေသ တိုင်းရင်းသားတိုင်းရင်းသူများ သင်္ကြန်ပွဲဆင်နွှဲကြရာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိခဲ့ကြပြီး တိုင်းရင်းသားတိုင်းရင်းသူများနှင့်အတူ မြန်မာသင်္ကြန်ပွဲကို ဆင်နွှဲခဲ့ကြလေသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တိုင်းရင်းသားတိုင်းရင်းသူများနှင့် ညစာစားပွဲတွင် ဤသို့ မိန့်ကြားသွားခဲ့ပါသည်–

"ယခုကဲ့သို့ သင်္ကြန်ကာလအတွင်း သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများ အတူတကွ ပေါင်းစည်း နေထိုင်သွားလာ လှုပ်ရှားနေကြသည်ကို တွေ့မြင်ရခြင်းသည် ပြည်ထောင်စုကြီး အတွင်း နေရာဒေသအနှံ့ ပျံ့နှံ့နေထိုင်ကြသော်လည်း စိတ်ထားချင်းတူညီကြသည်ကို ပေါ်လွင်ထင်ရှားစေသကဲ့သို့ တူညီဝတ်စုံများ ဆင်မြန်းပြီး ကကြိုးညီညာ ပျော်ရွှင်စွာ ကခုန်ကြသည့် မြင်ကွင်းမှာလည်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ခွဲခြားမရ၊ တစ်သားတည်း တူညီနေကြသည်ကို ကြည်နူးစွာ မြင်တွေ့ရကြောင်း"

တပ်မတော်သည် ၁၉၈၈ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေး အကျပ်အတည်း၊ စီးပွားရေး အကျပ်အတည်းကြောင့် နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ ယူလိုက်ရသည်။ မြန်မာနိုင်ငံ၏ ဖြစ်တည်မှုမှာ တိုင်းရင်းသားများသည် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ပြည်ထောင်စုနှန်းစံတို့ဖြင့် စုပေါင်းညီညွတ်စွာနေထိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်က ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့သော တိုင်းရင်းသားညီအစ်ကို မောင်နှမများ နေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ယှဉ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထား ဖော်ဆောင်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဟန်ချက်ညီညီ ဖော်ဆောင်ပေးခဲ့သည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး အချို့မှာ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးတိုင်လဲလှယ်ခဲ့ကြပြီး ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု၏ အခြေခံအကျဆုံးဖြစ်သော အိမ်ထောင်စုတစ်ခုတွင် အိမ်ထောင်ဦးစီးသည် မိမိရှာဖွေရရှိသော ပစ္စည်းဥစ္စာကို မိသားစုဝင်တိုင်းသို့ သာတူညီမျှ ခွဲဝေခံစားစေသည်။ ထို့အတူ ပျော်မှုရွှင်မှု၊ သာယာမှုများကိုလည်း မိသားစုနှင့်အတူ မျှဝေခံစားကြသည်။ ထိုသို့ မိသားစုတာဝန်ကျေပွန်သော အိမ်ထောင်ဦးစီးကိုသာ လူ့အဖွဲ့အစည်းက အသိအမှတ်ပြု လက်ခံကြလေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ၁၉၈၈ ခုနှစ်မှ ၁၂–၂–၂၀၀၅ ရက်နေ့အထိ ကျပ်သန်း ၆၃၃၅၃ ဒသမ ၄၅ သုံးစွဲ၍ ဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်ခဲ့သည်။ ယခုအခါ ကျပ် သန်းပေါင်းခုနစ်သောင်းကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ထို့ပြင် မြန်မာ့ဓလေ့ရိုးရာယဉ်ကျေးမှုလုပ်ငန်းများတွင်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများပါဝင်လာကြစေရန် အခွင့်အလမ်းများ ဖန်တီးပေးခဲ့သည်။ ဥပမာပြုရသော် မြန်မာ့ရိုးရာ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများတွင် တိုင်းရင်းသားများ ပါဝင်နိုင်ရန် ၁၉၉၁ ခုနှစ်မှစ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် အဆို၊ အက၊ အရေး၊အတီး ပညာရှင်များကို ပြည်နယ်၊ တိုင်းများသို့စေလွှတ်၍ တိုင်းရင်းသားညီအစ်ကို မောင်နှမများထံ မြန်မာ့ရိုးရာအဆို၊အက၊အရေး၊ အတီးပညာ ပြန့်ပွားအောင်ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဖိတ်ကြားမှုဖြင့် မြန်မာသင်္ကြန်ပွဲ၌ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပါဝင်နိုင်ခွင့်ရရန် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်သည်။

မြန်မာ့သင်္ကြန်ပွဲသည် ပျော်ရွှင်မှုဓလေ့နှင့် ကုသိုလ်ပြုမှုဓလေ့ပေါင်းစပ်ထားသည်။ ပျော်ရွှင်မှုဓလေ့တွင် ရေကြည်၊ ရေသန့်ဖြင့် စိုရုံစွတ်ရုံ ပက်ဖျန်းသော အလေ့အထတစ်ခုလည်း ပါဝင်သည်။ မြန်မာ့သင်္ကြန်ပွဲတွင်ပါဝင်သော ရေမှာ ပေါင်းစည်းခြင်း၊ တစ်သားတည်းရှိခြင်း၊ ညီညွတ်ခြင်းနှင့် အေးချမ်းခြင်းအဓိပ္ပာယ်ကိုဆောင်သည်။ အမှုန်အစက်မှ စုပေါင်းကာ ရေအိုင်၊ ချောင်း၊ မြောင်းတို့ စုပေါင်းကာ မြစ်တို့ဖြစ်လာလေသည်။ ရေကိုသားလျှင် အကြားမထင်ဟူသော စကားနှင့်အညီ ၁၃၆၇ခု မြန်မာ့သင်္ကြန်ပွဲ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားမှုဖြင့် နယ်စပ်ဒေသများမှ တိုင်းရင်းသားများ တက်ရောက်ခွင့်ပေးမည့် (၁၄)နှစ်မြောက် အစီအစဉ်သည် မြန်မာ့သင်္ကြန်၏ ပသာဒကို ပြည်ထောင်စုအလှနှင့် လိုက်ဖက်ပနံရစေပါကြောင်း ခံစားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ✱ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ✱ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	– ထောင်(၁)နှစ်
၂။	ကစားသူ	– ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	– ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ မူးယစ်သောက်စားပါက အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာ စစ်ဆေး အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ၁ရက်က မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တက်ရောက်၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရကိုယ်စား ပြည်ပရေးရာဌာန ညွှန်ကြားရေးမှူးချုပ် မစ္စစ်ကျိုဟုန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာလီကျားစုတ်နှင့် တာဝန်ရှိသူများ၊ တည်ဟုန်ပြည်နယ်ခွဲ ဒုတိယအုပ်ချုပ်ရေးမှူးလျူဂူစန်း၊ ရွှေလီမြို့တော်ဝန် မစ္စတာကုန်းနိမ်ချိန်းနှင့် တရုတ်ကုန်သည်ကြီးများ၊ ကွမ်ရှီးပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် လီဇူယုံဦးဆောင်သော ကွမ်ရှီးပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေလီနှင့်မူဆယ်၊ နမ့်ခမ်းနယ်စပ်ကုန်သည် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူအင်အား ငါးထောင်ကျော်တို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်စစ်ဆေးရေးစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စစ်ဆေးရေးစခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး မစ္စတာတန်ဟိုင်က အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းထံ X-Ray Machine ကို လွှဲပြောင်းပေးအပ်သည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရကိုယ်စား ပြည်ပရေးရာဌာန ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းမှူးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်များအား နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံပြည့်က အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူး၊ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်များသည် ဇုန်အတွင်းရှိ သိုလှောင်ရုံများ၊ အအေးခန်း သိုလှောင်ရုံများကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၉ရက်က တာမွေမြို့နယ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ပူဇော်ပွဲ၊ ဓမ္မာစရိယ စာမေးပွဲ စာအောင်သံဃာများ ပူဇော်ပွဲနှင့် စုဥ္စဘွဲ့နှင်းသဘင် အခမ်းအနားကို မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်ကျော်စိုးနှင့်ဇနီးတို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၁၁၅)

ရန်ကုန်တက္ကသိုလ် ၁၉၆၉-၁၉၇၃ ခုနှစ် မြန်မာစာ အဓိကဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစား ဆရာ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဧပြီ ၁ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီခြံ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ ပစ္စည်းများ ပေးအပ်ကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

နိုင်ငံအဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၄-၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ရိုးရာအလှတာသင်္ကြန်အက (မဟာသင်္ကြန်အကြတ်နေ့)
၇:၂၅	ခါသင်္ကြန်အဆိုအက
၇:၃၀	ကြည်နူးရိပ်(ပိုင်ဇေရဲထွန်း၊ ကြည်လဲ့လဲ့ဦး၊ခိုင်နှင်းဝေ)
၈:၀၅	ခါသင်္ကြန်အဆိုအက
၈:၁၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	ခါသင်္ကြန်အဆိုအက
၈:၃၀	မိုးလေဝသခန့်မှန်းချက်
၈:၃၅	အဆင့်မြင့်လုံခြုံရေးနည်းပညာ
၈:၅၅	ခါသင်္ကြန်အဆိုအက
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	ရွှေစက်တော် ဘေးမဲ့တော
၉:၁၀	ခါသင်္ကြန်အဆိုအက
၉:၁၅	Music Talk(3)
၁၀:၁၅	ဂီတသံစဉ်အလှဆင်(ဝင်းဦး)
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	ပြည်သူ့အတွက်ကျန်းမာရေး (သားဖွားနှင့်မီးယပ်ရောဂါများအကြောင်း)
၁၀:၅၀	ခါသင်္ကြန်အဆိုအက
၁၀:၅၅	သင်္ကြန်ဒိုင်ယာရီ (အကြတ်နေ့)
၁၁:၀၅	ခါသင်္ကြန်အဆိုအက
၁၁:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅	ကရာတေးဒိုအားကစား
၁၁:၂၅	ခါသင်္ကြန်အဆိုအက
၁၁:၃၅	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ်(လိမ္မော်ကျောက်ကျော)
၁၁:၄၅	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၄:၃၀	ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူးတင်မောင်ဆွေ၊နေမျိုးသူရ၊ ပြည့်ဖြိုးဟန်)	5-Sports
၅:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports (Live)
၆:၁၀	Bolton-Chelsea	5-Sports (Live)
၈:၂၄	Newcastle-Wigan	5-Cartoons (Live)
၈:၂၅	Arsenal-West Brom	5-Sports(Live)
၁၀:၃၀	West Ham-Man City	5-Cartoons (SDD)
၁၀:၃၀	Final Score	5-Sports(Live)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဧပြီ ၁၄

အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဇော်လင်းသည် ဧပြီ ၉ရက် ညနေပိုင်းက ၂၀၀၆ခုနှစ် Grand Royal ဂေါက်သီးရိုက်ပြိုင်ပွဲ Pro-Amပွဲစဉ်တွင် ကစားဖော်များဖြစ်ကြသည့် ဦးမောင်ဝင်း(ညွှန်ကြားရေးမှူး အား/ကာ)၊ဦးနော်တောင်(ညွှန်ကြားရေးမှူး အား/ကာ)၊ ဦးနန္ဒအောင် (Professional Golfer) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ၁၈၅ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၆)သို့ Super Sonic Soft Ball No.33ဘောလုံးကို Knacky Round Wood-7 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ မဟာသင်္ကြန်ရက်များအတွင်း စုပေါင်းဒါနပြုမည်

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ မဟာသင်္ကြန်ရက်များအတွင်း အလှူဒါနများကို နှစ်စဉ်ကဲ့သို့ကျင်းပမည်ဖြစ်သည်။

ကျွေးမွေးလှူဒါန်းမည်

မဟာသင်္ကြန်အကျနေ့မှ မြန်မာနှစ်ဆန်း၁ရက်နေ့အထိ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများဖြစ်သော ဝန်ကြီးရုံး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပျားလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းနှင့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်တို့က ဘိုးဘွားများအားနေ့စဉ် ကျွေးမွေးလှူဒါန်း ကြမည်ဖြစ်ပြီး ဧပြီ၁၇ရက် (မြန်မာနှစ်ဆန်း ၁ရက်နေ့) နံနက်ပိုင်းတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြမည် ဖြစ်သည်။

ဧပြီ၁၇ရက် (မြန်မာနှစ်ဆန်း၁ရက်နေ့) နံနက်၇နာရီမှစ၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေး ကုသိုလ်ယူ ဆောင်ရွက်ပေးကြမည်ဖြစ်ပြီး၊ ညနေ၄နာရီတွင် ငါးလုပ်ငန်းဦးစီးဌာနက လှူဒါန်းသည့် ငါးကောင်ရေ ၄၀၀၀ကို ဘိုးဘွားများက စွယ်တော်မြတ်စေတီ(ရန်ကုန်)ရှိ မင်္ဂလာကန်တော်ကြီးသို့ သွားရောက်၍ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူမည်

ဆက်လက်၍ ရိပ်သာဝင်း အတွင်းသို့ ကြွရောက်တော်မူလာကြသော ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြမည် ဖြစ်ပြီး ညနေ ၅နာရီတွင် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာကြားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

နိုင်ငံခြားသံရုံးများမှ အကြီးအကဲများ၊ ကုလလက်အောက်ခံအဖွဲ့အစည်းများနှင့်စစ်သံမှူးများ ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ မိသားစုများသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက် ဦးဆောင်လျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်သို့ သွားရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲကြသည်။

ဝန်ထမ်းမိသားစုကြိုဆို

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက် ဦးဆောင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်သို့ နံနက် ၉နာရီတွင် ရောက်ရှိလာကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းမိသားစုများကကြိုဆိုကြသည်။

ယင်းနောက် သံတမန်မိသားစုများသည် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် အတာရေများဖြင့် ပက်ဖျန်းကြကာ ပါဝင်ဆင်နွှဲကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့က သံတမန်မိသားစုများအား မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ အတာသင်္ကြန်ယဉ်ကျေးမှုအဖွဲ့များက မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန် အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး သံတမန်မိသားစုများကလည်း တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် သံတမန်မိသားစုများသည် မြို့တော်ဝန်မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ရိုးရာရေသဘင်ပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲကြပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းနှင့် ဥက္ကလာပစေတီတော် (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းမာရေးကော်မတီတို့မှ ဥက္ကလာပစေတီတော်မြတ်ကြီး၏ ထီးတော်မှ ခေါင်းလောင်းတော်အထိ(ဒုတိယအကြိမ်)ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းရန် အလှူငွေကျပ်ငါးသောင်းကို မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်း တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိုးလွင်နှင့် ဒုတပ်ရင်းမှူးဦးခင်သန်းတို့က ပေးအပ်လှူဒါန်းရာ ရွှေသင်္ကန်း ဘဏ္ဍာရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုရည်နှင့် အတွင်းရေးမှူး ဦးမြင့်သိန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၀၀)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စစ်သံမှူးများ၊ ၎င်းတို့၏ မိသားစုများ၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကျနေ့ ရေကစားသူများနှင့် ရေပက်ခံသူများစည်ကား

ရန်ကုန် ဧပြီ ၁၄

ယနေ့သည် ၁၃၆၇ ခုနှစ် မဟာသင်္ကြန်အကျနေ့ဖြစ်ပြီး ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလဆုတ် ၂ ရက်၊ ခရစ်နှစ် ၂၀၀၆ ခုနှစ် ဧပြီ ၁၄ ရက် (သောကြာနေ့) မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၃၇ မိနစ် ၄၆ စက္ကန့်တွင် မဟာသင်္ကြန်ကျသည်။

ယနေ့သည် မဟာသင်္ကြန် အကျနေ့ဖြစ်သည့်အားလျော်စွာ သင်္ကြန်ချစ်သူ ပြည်သူများကလည်း တစ်ဦးချင်း လှည့်လည်၍ လည်းကောင်း၊ ရေပက်ခံကားများဖြင့် လှည့်လည်၍ လည်းကောင်း သင်္ကြန်ရေသဘင်ပွဲကို ပါဝင်ဆင်နွှဲကြသကဲ့သို့ သင်္ကြန်ရေသဘင်မဏ္ဍပ် အကြီး၊အလတ်၊ အငယ်တို့အပြင် အုန်းလက်တို့ဖြင့် ဆောက်လုပ်ထားသည့် မဏ္ဍပ်များ၌လည်း ရိုးရာအတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်။

သီဆိုဖြေဖျော်

ရန်ကုန်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာအတာသင်္ကြန်ရေသဘင်ပွဲတော်ကိုဆင်နွှဲကြရာ၌ ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ပိတောက်ရွှေဝါ၊ ပိတောက်သစ္စာ၊ မေတ္တာရိပ်မွန်၊ ရေလှိုင်း၊ အမှတ်တရနှင့် မိသားစုရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်တို့ဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် စိုးစံဝင်း၊ မြို့နယ်အေးချမ်းဖြိုး၊ နွေကဗျာ၊ စိန်သုံးလုံး၊ အေးချမ်းစေ၊ ပိတောက်ချစ်သူ၊ ရွှေအင်းဝ၊ငုဝါသင်္ကြန်၊ရွှေသင်္ကြန်ရေကစားမဏ္ဍပ်များဖြင့် လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင်နွေနှောင်းလေပြည်နှင့် ပိတောက်ဖူးဖျော်ဖြေရေးနှင့် ရေကစား မဏ္ဍပ်များဖြင့်လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ဧပရယ်ပိတောက်၊ နွေရာသီ၊ ကောလင်းရေကစား မဏ္ဍပ်များဖြင့်လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်း ခရိုင် ကျုံးကြီးလမ်း၌ ထွန်းရွှေဝါ၊ ဂရိတ်ဝေါ၊ Valiant၊ အင်းလျားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတို့၌ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များဖြင့် လည်းကောင်း ပြည်သူအများ ပျော်ရွှင်စွာ ရေကစားကြပြီး အတာသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက် နွေနှောင်းလေပြည် မဟာသင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်တွင် သင်္ကြန်ယိမ်းများဖြင့် ကပြကြစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး စီစဉ်မှုဖြင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားများကို ယမန်နေ့ (သင်္ကြန်အကြိုနေ့)တွင် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း၌ စတင်ကျင်းပရာအင်းစိန်မြို့နယ် ရွှေရည်နံ့သာ သင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနားကို ညနေ ၃ နာရီ တွင်လည်းကောင်း၊ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရေကစားမဏ္ဍပ်ကို ညနေ ၄ နာရီတွင် လည်းကောင်း၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) သင်္ကြန်မဏ္ဍပ်ကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရွှေပြည်သာမြို့နယ် ဇဟိုမဏ္ဍပ်ကို ညနေ ၄ နာရီ ၄၅မိနစ်တွင်လည်းကောင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ရေသဘင် ဇဟိုမဏ္ဍပ်ကို ညနေ ၅နာရီ ၁၅မိနစ်တွင် လည်းကောင်း၊ လှည်းကူး မြို့နယ် ဇဟိုရေကစားမဏ္ဍပ်ကို ညနေ ၅နာရီ ၄၅ မိနစ်တွင်လည်းကောင်း အသီးသီး ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပျော်ရွှင်စွာရေကစား

ယနေ့မဟာသင်္ကြန်အကျနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ မယ်လမုဘုရား၊ မဟာဝိဇယ စေတီတော်၊ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ကျိုက္ကစံစေတီတော်၊ ကိုးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်၊ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော် စသည့် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ကြသူများ စသည့် ကောင်းမှုကုသိုလ် ပြုကြသူများဖြင့် စည်ကားလျက်ရှိပြီး ရပ်ကွက်အသီးသီး၌လည်း မုန့်လုံးရေပေါ်၊ ကြာဆံချက်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းစသော အာဟာရစတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့်စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဘိုး ရွှေပန်းထိမ်ဆရာကြီးဦးညွန့်နှင့် ဖခင် ဦးကျော်ဆင့်တို့အား ရည်စူး၍ အမှတ်(၁၄) ၄၉ လမ်း ဗိုလ်တထောင်မြို့နယ်နေ ဒေါ်သီသီလွင်နှင့် သမီး ဆွေယုမွန်၊ သား ထက်ဝင်းလွင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ၁၂ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရိုးရာ မဟာသင်္ကြန်(အကျနေ့)က တက္ကသိုလ်ရိပ်သာ လမ်းမကြီးတွင် ရေပက်ခံသူများ ပျော်ရွှင်စွာ ရေကစားကြစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များ

မေ ၁၈ရက်နှင့် ၁၉ရက်၌ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မီလန် ဧပြီ ၁၄

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များကို ဧပြီ ၁၈ရက်နှင့် ၁၉ရက်တို့တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်းသိရသည်။

လက်ခံကစားမည်

ဧပြီ ၁၈ရက် ညပိုင်းတွင် အေစီမီလန်အသင်းက စပိန်ချန်ပီယံဘာစီလိုနာအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားမည်ဖြစ်သည်။

အေစီမီလန်အသင်းသည်ကွာတားဖိုင်နယ်တွင် ပြင်သစ်လီယွန်အသင်းကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်း ဖြစ်သည်။ ဘာစီလိုနာ အသင်းမှာ ကွာတားဖိုင်နယ်

အေစီမီလန်နှင့် လီယွန်အသင်းတို့ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားစဉ်က အေစီမီလန်အသင်း ကွင်းလယ်ကစားသမား ကာကာ (ဝဲ)**နှင့် လီယွန် နောက်တန်းလူ ဖရန်ကွစ်ကလစ်တို့ ဤသို့ တွန်းတွန်းတိုက်တိုက် ကစားခဲ့ကြသည်။**
(ဓာတ်ပုံ–အင်တာနက်)

တွင် ဘင်ဖီကာအသင်းကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ခုနစ်ဂိုးသွင်း

အေစီမီလန်အသင်း ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတက်ရောက်လာသည်အထိ ရှက်ဗ်ချင်ကိုက ဂိုးအများဆုံး ကိုးဂိုးသွင်းပေးထားပြီး ဘာစီလိုနာအသင်း အကြိုဗိုလ်လုပွဲရောက်သည်အထိ ဂိုးအများဆုံး သွင်းပေးသူမှာ ရော်နယ်ဒင်ဟို ဖြစ်ပြီး ခုနစ်ဂိုးသွင်းပေးခဲ့သည်။

အေစီမီလန်အသင်းသည် ယမန်နှစ်က အဆိုပါ ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်ရောက်ခဲ့ပြီး အင်္ဂလန်မှ လီဗာပူးအသင်းကို ပယ်နယ်တီဖြင့် ရှုံးပြီး ဖလားလက်လွှတ်လိုက်ရသည့်အသင်းဖြစ်သည်။ ယခုနှစ်တွင်လည်း အေစီမီလန်အသင်းသည်၎င်း၏ဗိုလ်လုပွဲနေရာအတွက် အပြင်းအထန်ပြင်ဆင်ထားပုံရသည်။

ခြောက်ကြိမ်တိုင်ဆွတ်ခူး

အေစီမီလန်အသင်းသည် ချန်ပီယံလိဂ်ဖလားနှင့် အရင်းနှီးဆုံးဘောလုံးအသင်း တစ်သင်းလည်း ဖြစ်သည်။ ၂၀၀၃ ခုနှစ်က အေစီမီလန်တို့ နောက်ဆုံး အဆိုပါဖလားကို ဆွတ်ခူးထားခဲ့သည်။ ၎င်းတို့သည် ချန်ပီယံလိဂ်ဖလားကို ခြောက်ကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သည့် အစဉ်အလာရှိသော အသင်းလည်းဖြစ်သည်။

ဘာစီလိုနာအသင်းမှာ ၁၉၉၂ ခုနှစ်က အဆိုပါချန်ပီယံလိဂ်ဖလားကို တစ်ကြိမ်သာ ဆွတ်ခူးဖူးသည့်အသင်းဖြစ်သည်။ သို့သော်လည်း ဘာစီလိုနာအသင်းသည် ဘရာဇီးဘောလုံးသမားရော်နယ်ဒင်ဟို၏အောင်မြင်ကျော်ကြားမှုနှင့်အတူ ဘောလုံးပရိသတ်များအကြား ရေပန်းစားလာခဲ့သည်။ ရော်နယ်ဒင်ဟိုသည် ယခုနှစ် ဘောလုံးရာသီ၏ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနှင့်ဥရောပအကောင်းဆုံး ဘောလုံးသမားဆု နှစ်ဆုစလုံးကို ဆွတ်ခူးနိုင်ခဲ့သည့် ဘောလုံးအကျော်အမော်တစ်ဦးဖြစ်သည်။

အလေ့အထရှိ

အေစီမီလန်နှင့် ဘာစီလိုနာအသင်းတို့၏ ယှဉ်ပြိုင်မှုကို သုံးသပ်ကြည့်ရာတွင် အေစီမီလန်အသင်းသည် အိမ်ကွင်းတွင် အနိုင်ကစားတတ်သော အလေ့အထရှိသည့်အသင်းဖြစ်သည်။

ပြီးခဲ့သော ကွာတားဖိုင်နယ်က လီယွန်အသင်းကို အိမ်ကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ကစားကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။

ထို့အတူ ဘာစီလိုနာအသင်းသည် ကွာတားဖိုင်နယ်တွင် ဘင်ဖီကာ

ဘာစီလိုနာနှင့် ဘင်ဖီကာတို့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ဒုတိယအကျော့ ယှဉ်ပြိုင်ကစားစဉ်က ဘာစီလိုနာမှ ဗင်ဘွန်းမဲလ် (ယာ)**နှင့် ဘင်ဖီကာမှ မန်နျူရယ် ဖာနန်ဒက်စ်တို့ ဤသို့ အကြိတ်အနယ် ဘောလုံးလုခဲ့ကြသည်။**(ဓာတ်ပုံ–အင်တာနက်)

အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး–ဂိုး မရှိဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပါဝင်လာဖွယ်

အေစီမီလန်ရောက် ဘရာဇီး ကွင်းလယ်ကစားသမား ကာကာသည် အေစီမီလန်အသင်း၏အဓိက ကွင်းလယ်ဖန်တီးရှင်အဖြစ် ပါဝင်လာဖွယ်ရှိသည်။

ထို့အတူ ရှက်ဗ်ချင်ကိုနှင့် ဖီလစ်ပိုအင်ဇာဂီတို့၏ တိုက်စစ်အတွဲကလည်း ဘာစီလိုနာနောက်ခံလူများကို ကျော်ဖြတ်ရန် ကြိုးစားလိမ့်မည်ဖြစ်သည်။

ရေပန်းစား

အလားတူ ဘာစီလိုနာမှ ရာဖေးမားကွက်ဇ်၊ ဗင်ဘွန်းမဲလ်၊ လီယွန်နယ်မက်စီတို့အတွဲသည် ရှေ့တန်းတိုက်စစ်မှူးများဖြစ်ကြသည့် ရော်နယ်ဒင်ဟို၊ ဆင်မြူရယ်အီတိုးတို့အတွက် ဂိုးသွင်းခွင့်များ ဖန်တီးပေးလိမ့်မည်ဖြစ်သည်။ ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးရန် ရေပန်းစားနေသော အသင်းလည်းဖြစ်သည်။

ဧပြီ၁၉ရက်ညပိုင်းတွင် နာမည်ကြီး အာဆင်နယ်က စပိန်မှ ဗီလာရီးရဲအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားလိမ့်မည်ဖြစ်သည်။ အာဆင်နယ်နှင့် ဗီလာရီးရဲအသင်းတို့သည် ချန်ပီယံလိဂ် သက်တမ်းတစ်လျှောက် အနှစ် ၅၀ ကျော်ကာလအတွင်း တစ်ကြိမ်မျှ ဖလားဆွတ်ခူးနိုင်ခြင်း မရှိခဲ့သည့် အသင်းများဖြစ်သည်။

အရောက်ပို့

ယခုနှစ် ဘောလုံးရာသီချန်ပီယံလိဂ်ပွဲစဉ်တစ်လျှောက် အာဆင်နယ်တိုက်စစ်မှူး အွန်နရီသည် ၎င်း၏အသင်းအတွက် ဂိုးအများဆုံး ငါးဂိုးသွင်းပေးပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့အရောက်ပို့ပေးလိုက်ခြင်းဖြစ်သည်။

ထို့အတူ ဗီလာရီးရဲမှ ဖော်လန်သည်လည်း ဗီလာရီးရဲအသင်းအတွက် ဂိုးအများဆုံး သုံးဂိုးသွင်းပေးခဲ့သည်။

လက်ဦးမှုရယူ

ယင်းတို့နှစ်သင်းသည် ခြေရည်တူ အတွဲညီသည့် ပွဲကြီးပွဲကောင်း အကြိတ်အနယ်ရှိမည့် ပွဲဖြစ်သည်။ သို့ရာတွင် အာဆင်နယ်အသင်းသည် အိမ်ကွင်းတွင် အနိုင်ကစားခြင်းဖြင့် အောင်မြင်မှုကို လက်ဦးမှုရယူတတ်သည့်အသင်းဖြစ်သည်။

ခြေဆန့်လာနိုင်

ကွာတားဖိုင်နယ်တွင် အာဆင်နယ်က အိမ်ကွင်း၌ ဂျူဗင်းတပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ကစားလိုက်သဖြင့် ဂျူဗင်းတပ်စ်တို့ အလစ်အငိုက်တွင် အလဲထိုးခံလိုက်ရခြင်း ဖြစ်သည်။ အာဆင်နယ်တို့ လက်ဦးမှု ဂိုးသွင်းပြီး ဗိုလ်လုပွဲအထိ ခြေဆန့်လာနိုင်ဖွယ်ရှိသည်။

ဗီလာရီးရဲအသင်းသည် အီတလီစီးရီးအေမှ အင်တာမီလန်အသင်းကို အနိုင်ကစားပြီးအကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။

အာဆင်နယ်မှ အွန်နရီသည် အာဆင်နယ်အသင်း၏ အဓိကကစားသမားဖြစ်ပြီး ဗီလာရီးရဲမှ ဒီဂိုဖော်လန်သည် ဗီလာရီးရဲ၏ အဓိကကစားသမားအဖြစ် ပါဝင်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။ အာဆင်နယ်အသင်းသည် ပရီမီယာရှစ်တွင် နံပါတ် (၅)နေရာတွင်ရှိနေသော်လည်း ပရီမီယာရှစ်တွင် နာမည်ကြီးထိပ်တန်းစာရင်းဝင်အသင်း ဖြစ်သည်။ ဗီလာရီးရဲအသင်းမှာ စပိန်လိဂ်တွင် အလယ်အလတ်အသင်းမျှသာ ဖြစ်သည်။ အာဆင်နယ်တို့ မမျှော်လင့်ဘဲ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ရောက်ရှိသွားနိုင်သည်။ သို့ရာတွင် ဗီလာရီးရဲအသင်းသည် ရီန်းဂျားအသင်းနှင့် အင်တာမီလန်အသင်းတို့ကို ကျော်ဖြတ်နိုင်ခဲ့သည့် အရည်အချင်းများသည် သာမန်အနေအထား အသင်းမျိုးတော့ မဟုတ်ပါချေ။

အထက်ပါ ဘောလုံးအသင်းအတွဲများ ဖြစ်ကြသည့် ဗီလာရီးရဲနှင့် အာဆင်နယ်၊ ဘာစီလိုနာနှင့် အေစီမီလန်အသင်းတို့သည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ဧပြီ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာ့အလင်း ဘောလုံးဝါသနာရှင်တို့အား ကြိုတင် သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လုံ့တံအသွားအချွန်ပေါ် ဝမ်းလျားမှောက်ပြသူ

လှံတံအသွားအချွန်ပေါ်တွင် တက်၍ ဝမ်းလျားမှောက်ပြနေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ် ဟန်ကျိုမြို့တွင် ပြုလုပ်သည့် ကွန်ဖူးစွမ်းရည်ပြပွဲတွင် ကွန်ဖူးသမားတစ်ဦးသည် လှံတံများ၏ အသွားအချွန်ပေါ်၌ ဝမ်းလျားမှောက်ပြသော စွမ်းရည်ပြကွက်သည် ဧည့်ပရိသတ်များအတွက် တအံ့တသြဖြစ်စေခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လက်ဖက် နံ့ရုံပန်းချီ

လက်ဖက်များဖြင့် နဂါးကိုးကောင်ပုံကို ပုံဖော်ထားသည့် လက်ဖက်နံ့ရုံပန်းချီကားကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဟူကျိုပြည်နယ်ရှိ ဈေးတစ်ခုတွင် လက်ဖက်နံ့ရုံပန်းချီကားကို လက်ဖက်ကီလိုဂရမ် ၁၅၀ဖြင့်ပြုလုပ်ထားပြီး အမြင့် ၁၀၆စင်တီမီတာ၊ အကျယ် ၁၉၆စင်တီမီတာနှင့် ဒု ၁၂စင်တီမီတာရှိကာ ရောင်းဈေး အမေရိကန်ဒေါ်လာ ၂၅၀၀ ဖြစ်သည်။ ယင်းနံ့ရုံပန်းချီကားသည် ကမ္ဘာတွင် အကြီးမားဆုံး လက်ဖက်နံ့ရုံပန်းချီကားပင် ဖြစ်သည်။ **(အင်တာနက်)**

မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်နှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၄

၁၃၆၇ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့(မဟာသင်္ကြန်အကြိုနေ့) ညနေ ၅နာရီတွင် မန္တလေးနန်းမြို့ ကျုံးတောင်ဘက် ၂၆လမ်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးမျက်နှာစာ၏ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ ၁၃၆၇ခုနှစ် မန္တလေးမြို့မဟာသင်္ကြန် ပွဲတော်ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီး ဒေါ်နန်းအေးမြ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးမောင်ပု၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစန်းမောင်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ယိမ်းအကအဖွဲ့ဝင်များ၊ သင်္ကြန်ချစ်သူ မန္တလေး မြို့တော်သူ မြို့တော်သားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၃၆၇ခုနှစ် မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသည့် မြန်မာနှစ်သစ်ကူးအခါသမယတွင် ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ ကြပါစေ၊ ရေလိုအေး၍ ပန်းလိုမွှေးကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော် ဟန်တို့က ၁၃၆၇ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ပွဲတော်နှင့် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး လိုက်ကြသည်နှင့်တစ်ပြိုင်နက် မဏ္ဍပ်ဥပစာရှေ့ရှိ မိုးပျံပူဖောင်းကိုင် သင်္ကြန် လှပျိုဖြူကျောင်းသူများက ပူဖောင်းများကို လွှတ်တင်လိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ မဟာသင်္ကြန်အကအဖွဲ့ဝင်များသည် သပြေ ခက်ဖြင့် မဟာသင်္ကြန်အတာရေကို အပြန်အလှန် ပက်ဖျန်းနှုတ်ဆက်ကြသည်။

ကပြဖျော်ဖြေ

ထို့နောက် မန်းစည်ပင်တေးဂီတအဖွဲ့နှင့်အတူ ဗဟိုသင်္ကြန်မဏ္ဍပ်က မန်းစည်ပင်ယိမ်းအကအဖွဲ့ဝင်များ၊ မဟာသင်္ကြန်မဏ္ဍပ်ရှေ့တွင် ကြိုတင် နေရာယူထားကြသည့် မန္တလေးမြို့ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်နှင့် ချမ်းမြသာစည်မြို့နယ် အခြေခံပညာ ကျောင်းများမှ တူညီရောင်စုံဝတ်ယိမ်း အကအဖွဲ့ဝင် ကျောင်းသူ ၃၀၀၀ကျော် တို့က မန်းတောင်ရိပ်ခိုသင်္ကြန်သီချင်းနှင့် စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ် တို့ကို သံပြိုင်သီဆိုကြပြီး ယိမ်းအဖွဲ့များက တူညီကကြိုးများဖြင့် ကပြဖျော် ဖြေကြသည်။

ဆက်လက်၍ မန္တလေးမြို့ မြန်မာ့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဆင်နွှဲကြမည့် သင်္ကြန်အလှပြယာဉ်များသည် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်းဂါရဝပြုနှုတ်ဆက် ကြရာ ရှေ့ဆုံးမှ မန္တလေးမြို့ဂုဏ်ဆောင် မြို့မ 'ငွေငန်းဖြူ'အလှပြယာဉ်က ဦးဆောင်လျက် မြို့မတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့်အတူ အဆို၊ အက၊ အလှများဖြင့် ကပြဖျော်ဖြေ ဖြတ်သန်းဂါရဝပြုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နှစ်စဉ်အစဉ်အလာရှိရှိ ပထမဗိုလ်စွဲနေသည့် မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအလှပြယာဉ်၊ ညောင်ဦးခရိုင်ကိုယ်စားပြု ပုဂံ ရွှေပြည်အလှပြယာဉ်၊ မိတ္ထီလာခရိုင်ကိုယ်စားပြု ထီလာမေအလှပြယာဉ်၊ ရမည်းသင်းခရိုင်ကိုယ်စားပြု ရွှေမင်းသားအလှပြယာဉ်၊ ကျောက်ဆည်ခရိုင် ကိုယ်စားပြု အင်းဝထိပ်ထားလေးအလှပြယာဉ်၊ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု ပန်းမြို့သူအလှပြယာဉ်နှင့် မြင်းခြံခရိုင် ကိုယ်စားပြု နံ့သာအလှပြယာဉ် တို့က အစီအစဉ်အတိုင်း ခါသင်္ကြန် အဆို၊အကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေလျက် ဖြတ်သန်း၍ ဂါရဝပြုကြရာ မန္တလေးတိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ဝင် များက ရင်းရင်းနှီးနှီးလက်ပြနှုတ်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ယင်းနောက် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ မန်းစည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့ဆိုင်းဝိုင်းတော်ကြီး၊ မင်္ဂလာစည်တော်ကြီး အဖွဲ့တို့နှင့် တွဲဖက်၍ နာမည်ကျော် ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ အဆို တော်များနှင့် အနုပညာရှင်များက သင်္ကြန်ချစ်သူပြည်သူများအား သီဆို ကပြဖျော်ဖြေကြပြီး မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌လည်း သင်္ကြန် သမီးပျိုလှပျိုဖြူများက အကဖြင့် ဖျော်ဖြေဧည့်ခံကြသည်။

မန္တလေးမဟာသင်္ကြန်ပွဲတော် အကြိုနေ့ ယမန်နေ့တွင် မန္တလေးနန်းမြို့ ကျုံးပတ်လည်၌ ပြိုင်ပွဲဝင် အကမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၏ ရေကစားမဏ္ဍပ် များဖြင့် လည်းကောင်း၊ မန္တလေးမြို့တွင်း၌ ရပ်ကွက်အလိုက်၊ လမ်းများအလိုက် ရေကစားမဏ္ဍပ်များဖြင့်လည်းကောင်း၊ အဆို၊အက၊အတီးများဖြင့် အပြိုင်အဆိုင် ဖျော်ဖြေတင် ဆက်ကြ၍ ပျော်ရွှင်စွာရေကစားလျက်ရှိရာ ကျုံးပတ်လည်တွင် အလှပြမဏ္ဍပ်ကိုးခု၊ ရေကစားမဏ္ဍပ် ၆၇ခု၊ မြို့တွင်း၌ အလှပြမဏ္ဍပ်တစ်ခု၊ ရေကစားမဏ္ဍပ်၁၄ခု စုစုပေါင်းမဏ္ဍပ် ၉၁ခု၊ အလှပြယာဉ်ရှစ်စီးတို့ဖြင့် ပါဝင် ဆင်နွှဲကြပြီး သင်္ကြန်ချစ်သူပြည်သူများက ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍လည်းကောင်း၊ သင်္ကြန်ပွဲ တော်ကို နွှဲပျော်ကြသည့် သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိကာ မန္တလေးမြို့ တစ်ခွင်လုံးတွင် သင်္ကြန်တေးသံသာများဖြင့် ဖုံးလွှမ်း လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့ ညနေပိုင်းက ညောင်လေးပင်မြို့နယ် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

မန္တလေး မဟာသင်္ကြန် ပွဲတော်

၁၃၆၇ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်တွင် ပါဝင် ယှဉ်ပြိုင် ဆင်နွှဲကြသည့် သင်္ကြန်အလှပြယာဉ် များနှင့် ယိမ်းအဖွဲ့များကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝေဘာဂီလမ်းတရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၄

မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက် ဝေဘာဂီလမ်း မြတ်နှင်းဖြူ ခန်းမ၌နှစ်သစ်မင်္ဂလာ ဓမ္မသဘင်ကို ဆင်ယင်ကျင်းပ၍ ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းစုဘူးအလှူရှင်များ၏ ရေစက်ချအလှူတော်အဖြစ် ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်ညတွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာ သိရိလင်္ကာရ၊ ၁၈ရက်ညတွင် ရွှေဥမင်တောရ အရှင်သုမင်္ဂလ၊ ၁၉ရက်ညတွင် စစ်ကိုင်း ခင်မကန် အရှင်ခေမိန္ဒ၊ ၂၀ရက်ညတွင် မေတ္တာရှင်ရွှေပြည်သာ အရှင်ဇဝန၊ ၂၁ရက်ညတွင် တောင်စွန်း အရှင်ကဝိဓဇ အရှင်မြတ်ငါးပါး တို့က တရားတော်များဟောကြားမည် ဖြစ်ရာ ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သကြၤန်အလို အမှန်ဆိုသည်

ဆယ့်နှစ်လီဒွါဒရမှ၊ ခါမိဿရာသီ
ရင်အစဦးချီသည်၊ လတွင်မည်တန်ခူး
စိတြကြယ်ပြောင်ငယ်---၊
ညဥ့်သန်းခေါင်ကျခါမှမြူး။
နေ့နှင့်ညနာရီမှာ၊ သုံးဆယ်စီမကြူး၊
နှစ်လုံးညီ တစ်ပါဒ်ကူးလို့၊ နှစ်သစ်ဦးတစ်ခါ၊
ပန်းကံ့ကော် ရွှေရင်ခတ်ကယ်တို့၊
ဖူးပွင့်ချပ်စီလို့သာဖြာ။
တည့်သုံးဖဝါးရိပ်ဆာယာမှာ၊
တူမကွာ မောင်မယ်နွဲ့လို့၊
မြတ်သည့်ပွဲသကြၤန်တော်၊ တီးခြိမ့်ခြိမ့်ကြော်၊
ထီးကမ္ဘူရိပ်မျှော်ငယ်---
ခေါင်းလျှော်တော်မူမြဲထင့်လေး---။

ဦးပုည

တန်ခူးလသည် မြန်မာတို့၏ ဆယ့်နှစ်လတွင် ပထမဦးဆုံးလဖြစ်သည်။ တန်ခူးလ၏လပြည့်ညတွင် စိတြနက္ခတ်သည် လပြည့်ဝန်းနှင့်ယှဉ်၍ ထွန်းလင်းတောက်ပသည်။ တန်ခူးလမှာ မိဿရာသီဖြစ်၍ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်သည်။ ရာသီရုပ်မှာ ဆိတ်ရုပ်ပုံသဏ္ဍာန်ဖြစ်သည်။

မဟာသကြၤန်ပွဲတော်၌ ချစ်စရာ့အရွယ် သမီးငယ်တို့၏ ကပဟန်။ (မြန်မာ့အလင်း)

တန်ခူးလတွင် ပွင့်သော ရာသီပန်းများမှာကံ့ကော်ပန်း၊ ရင် ခတ် ပန်း၊ ပိတောက်ပန်းတို့ဖြစ်သည်။

တန်ခူးလတွင် နေ့တာ၊ ညတာ ညီ မျှသည်။ရှေးမြန်မာမင်းများ အသုံးပြုသော ရေနာရီအရ နေ့နာရီ (၃၀)၊ ညနာရီ (၃၀)ဖြစ်သည်။ စက်နာရီအနေဖြင့် နံနက် (၆) နာရီတွင်နေထွက်၍ ညနေ (၆) နာရီတွင် နေဝင်သည်။မွန်းတည့် ဖဝါးမှာ (၃) ဖဝါး ဖြစ်သည်။

တန်ခူးလ၏ရာသီပွဲတော်မှာ သကြၤန် ပွဲတော်ဖြစ်သည်။ သကြၤန်ပွဲတော်သည် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည်။

သကြၤန်ဟူသောစကားသည် "သင်္ကြန္တ" ဟူ သော သက္ကတပုဒ်နှင့် "သင်္ကန္တ" ဟူသော ပါဠိပုဒ်တို့မှ ပြောင်းလဲ ဆင်းသက်လာသော ဝေါဟာရ ဖြစ်သည်။

သက္ကတဘာသာ "သင်္ကြန္တ"နှင့် ပါဠိဘာသာ "သင်္ကန္တ"တို့၏ တစ်ခုတည်းသော အဓိပ္ပာယ်မှာ "ပြောင်းရွှေ့ခြင်း ကူးပြောင်းခြင်း" ဖြစ်သည်။

သကြၤန်နှင့် ပတ်သက်၍ အယူအဆအမျိုးမျိုးရှိသည်။

တချို့က ကဝိလမိုင်းပုံပြင်ကို ကိုးကား၍ ဗြဟ္မာမင်း၏ဦးခေါင်းကို အလှည့်ကျပွေ့ချီထားရသည့်နတ်သမီး တစ်ဦးလက်မှ တစ်ဦးလက်သို့ ပြောင်းရွှေ့ပေးချိန် ကျရောက်သည်ကို သကြၤန်ကျသည်ဟု ယူဆကြသည်။

တချို့ ဝေဒပညာရှင်များက တနင်္ဂနွေဂြိုဟ်မင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်သဖြင့် သကြၤန်ကျသည်ဟုဆိုသည်။

မည်သို့ပင်ဆိုစေ သကြၤန်သည် ကူးပြောင်းခြင်းသဘောကို ဆောင်သဖြင့် တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းသော မြန်မာတို့၏ နှစ်သစ်ကူးပွဲတော် အခါသမယနှင့်လည်း အဓိပ္ပာယ်ကိုက်ညီ သင့်တင့်လှသည်။

မြန်မာတို့၏ သကြၤန်ပွဲတော်ကို တကောင်းခေတ်ကပင် ကျင်းပခဲ့ကြကြောင်း အယူအဆရှိခဲ့ကြသည်။ သို့ရာတွင် သက္ကရာဇ် ၆၅၃ ခုနှစ်တွင် ရေးထိုးထားသည့် ပုဂံမြို့စောလုဝင်းဘုရားကျောက်စာ (ကျော ၂၂၊ ၂၃)အရ ပုဂံခေတ်တွင် သကြၤန်တော်ပွဲများ ကျင်းပခဲ့ကြောင်း ထင်ရှားလှသည်။

ၿငင်းပြင် နရသီဟပတေ့မင်းသည် နွေအခါ၌ မြစ်ဆိပ်တွင် မင်းတဲလုံခြုံစွာ ဆောက်လုပ်လျက် နန်းတော်မှမြစ်ဆိပ်အရောက် လူသူမမြင်ရသော တဲနန်းဥမင်ဖြင့် ကြွတော်မူ၍ မိဖုရား၊ မောင်းမမိဿံတို့နှင့်အတူ ရေဖျန်းသဘင် ဆင်ယင်ကျင်းပလေ့ရှိကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီး၌ ဖော်ပြထားကြောင်း တွေ့ရသည်။

အထက်မင်းလှည့်နှံ့အောင်

ရှေးမြန်မာမင်းများ လက်ထက် ရေပက်ဖျန်းကစားကြပုံကို ဆီသည်ရွာစားဦးအောင်ကြီးက အောက်ပါအတိုင်း ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်–

"တာသကြၤန်ဝယ်၊ ဆင်ယင်တုပ၊ လွှရရှတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမွာ၊ ကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်ကာ၊ လည်လှည့်ဆူလှယ်၊ တင့်စံပယ်လျက်၊ မြူးရယ်ရွှင်အား၊ လွန်ပျော်ပါးသည်၊ ကစားထုံရည် ဖျန်းတည့်လေ---"။

ထို့ပြင် မဟာအတုလမင်းကြီးကလည်း ၎င်း၏ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းများတွင်–

"နွေခါမှီဝယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊ နှစ်ဆန်းငယ်သကြၤန်၊ သစ်သစ်သာဖန်တော့တယ်၊ နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး---"ဟူ၍ စာပန်းချီ ရေးသီခြယ်မှုန်းခဲ့သည်။

မြန်မာတို့သည် သကြၤန်ပွဲတော်ကို ရှေးမင်းအစဉ်အဆက်ကပင် ကျင်းပလာခဲ့ကြပြီး ရေဖျန်းခြင်းမင်္ဂလာကိုလည်း ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း တွေ့ရသည်။

ရေပက်ဖျန်းခြင်းသည် စိတ်ကိုကြည်နူးရွှင်လန်းစေပြီး နွေဥတု၏ ပူပြင်းခြောက်သွေ့မှုကြောင့် နွမ်းနယ်နေသော လူတို့၏စိတ်များကို ပျော်ရွှင်လန်းဆန်းစေသည်။

သကြၤန်ရေသည် လူတို့ကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း ပြောင်းလဲစေသည်။

ထို့ကြောင့် ရှေးမြန်မာတို့သည် ရေပက်ဖျန်းကစားကြရာတွင် စမွာ၊ ကရမက်စသော သင်းပျံ့မွှေးကြိုင်သည့် နံ့သာရည်၊ အမွှေးရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကစားကြသည်။ အမျိုးသမီးငယ်အပျိုအရွယ်များကို ရေပက်ဖျန်းလိုသော် မိဘများထံခွင့်ပန်ပြီးမှ အမွှေးနံ့သာရည်တို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပက်ဖျန်းကြသည်။

မြန်မာတို့သည် နှစ်သစ်ကူးသကြၤန်အခါတွင် ဘုရားအမှူးပြုသော ရဟန်းသံဃာတို့အား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ အလှူဒါနပြုခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများ အားထုတ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများကို သန့်ရှင်းကြခြင်း၊ ရပ်ကွက်ကျေးရွာများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ သက်ကြီးရွယ်အိုအဘိုးအဘွားများအား တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာတို့ဖြင့် ရေချိုးသန့်စင်ပေးခြင်း၊ ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်း၊ ငါးလွှတ်ပွဲများ ပြုလုပ်ခြင်း၊ ကျွဲ၊ နွား၊ ဆိတ်စသည့် တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း စသည့်မွန်မြတ်သော ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

မြန်မာတို့၏ နှစ်သစ်ကူးသကြၤန်ရက်များသည် ယဉ်ကျေးမှု၊ ကုသိုလ်ကောင်းမှုတို့ဖြင့် ထုံမွှမ်းရာ မင်္ဂလာရက်မြတ် အခါဖြစ်သည်။

ဤမင်္ဂလာရက်မြတ်အခါတွင် ပြောမှု၊ ဆိုမှု၊ နေမှု၊ ထိုင်မှုမှအစ သွားလာသုံးစွဲမှုများပါ သတိတရား၊ အသိတရားဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်မှာလည်း မြန်မာတို့၏ချစ်စရာဓလေ့တစ်ခု ဖြစ်ပါသည်။

အထူးသဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် လူရောစိတ်ပါသန့်ရှင်းစင်ကြယ်စေပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ အကုန်အကျမရှိစေရန် သုံးစွဲမှုချိုးခြိမ်နေထိုင်ခြင်း အစဉ်အလာမှာလည်း မြန်မာတို့၏ "ဂါရဝေါစ နိဝါတောစ သန္တုဋ္ဌီစ ကတညုတာ"ဟူသော မင်္ဂလာတရားနှင့် ညီညွတ်လှသည်။

ဤကဲ့သို့ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထွန်းခဲ့သော ကောင်းမြတ်သည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ယနေ့ထက်တိုင် မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်မှာ မြန်မာတို့၏ ချီးကျူးဖွယ်ရာ ကောင်းသော စွမ်းဆောင်မှုပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ မြန်မာ့နှစ်သစ်ကူး ရက်မြတ်အခါများသည် ကောင်းမြတ်သော မင်္ဂလာရက်မြတ် ချိန်ခါများဖြစ်သည်နှင့်လျော်ညီစွာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညစ်ညမ်းမှုမရှိစေရန် သတိပြုရှောင်ကြဉ်နိုင်ရေးအတွက် ရှေးလူကြီးသူမများ ရေးသားမှတ်တမ်းတင်ခဲ့သော ရှောင်ကြဉ်ဖွယ်ရာများကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသတည်း။ ။

မင်္ဂလာစကား၊ လင်္ကာကြားအံ့၊
ကြောင်းလျားစုံစေ့၊ သကြၤန်နေ့တွင်၊
မတွေ့ဝေးစွာ၊ ရှောင်ကုန်ရာသား၊
မသာနှလုံး၊ ညှိုးချုံးစိုးရိမ်၊
မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ၊
ကာမအရာ၊ မေထုနာနှင့်၊
ပါဏ သတ်ပုတ်၊ သောက်ထုတ်သေရက်၊
မျက်ထွက်မာန၊ ပဋိဃနှင့်၊
ဒေါသမလွတ်၊ ဆီပွတ်လိမ်းဆင်၊
သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်း၊
အရောင်းအဝယ်၊ ဤတစ်ဆယ်ကို
လူ့နယ်လူ့ခွင်၊ လူကိုပင်ထား၊
မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှ၊
မပြုရရာ၊ ရှောင်ကြဉ်ရာဟု၊
ကျမ်းလာသောအား၊ လင်္ကာကြားသည်၊
ဤကား သကြၤန်အလိုတည်း။ ။

၁၃၆၆ ခုနှစ် မဟာသကြၤန်ပွဲတော်၌ လှပျိုဖြူတို့၏ မြူးမြူးကြွကြွ အကနှင့်အလှပသာဒ။ (မြန်မာ့အလင်း)

ကညင်ကျိုး-ပိန်းဇလုပ်လမ်း ဂဝံလမ်းနှင့်ဇလုပ်ချောင်းတံတားဖွင့်

ကျောက်တံခါး ဧပြီ ၅

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကညင်ကျိုး-ပိန်းဇလုပ်လမ်း(ကျောက်တံခါး မြို့နယ်အပိုင်း)ဂဝံလမ်းအပိုင်းနှင့် ဇလုပ်ချောင်းအုတ်ခုံခံ သစ်သားတံတား ဖွင့်ပွဲ အခမ်းအနားကို မတ်၂၃ရက် မွန်းလွဲ ၁ နာရီက အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူး ဟန်တိုး တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က မုခ်ဦး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ် ပေးသည်။

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းဝေတို့ ဖေဖော်ဝါရီ၃ ရက်က ပေါက်တောမြို့ ရေပေးဝေမှုအခြေအနေနှင့် နတ်တောင်ပြင်ဆည် အဆင့်မြှင့်ပေးနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာတွက်ချက်မှုများ ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

အကုန်အကျခံ

အဆိုပါ ကညင်ကျိုး-ပိန်းဇလုပ် လမ်း(ကျောက်တံခါးမြို့နယ်)ဂဝံ လမ်းမှာ အရှည်ပေ ၁၀၅၀၀၊ အကျယ် ၁၀ ပေ၊ ထုထည် ၆ လက်မလမ်းပေါ်ရှိ ချိန်းချောင်းတံတားအရှည် ၁၂၅ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေနှင့် ဇလုပ်ချောင်းအုတ်ခုံခံသစ်သားတံတား အရှည်ပေ ၉၀၊ အကျယ် ၁၂ ပေ၊ အမြင့်၁၅ပေ တံတားနှစ်စင်းပါ စုစုပေါင်း ကုန်ကျငွေ ကျပ် ၃၆၇သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံစက်ချုပ်သင်တန်းဖွင့်၊ အလှူငွေပေးအပ်ပွဲ မြင်းမူ၌ ကျင်းပ

မြင်းမူ မတ် ၂၀

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက်က မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရွှေပြည်သစ်ခန်းမဆောင်သို့ ရောက်ရှိလာပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ စက်ချုပ်သင်တန်း(၁/၂၀၀၆)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မညိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များက စက်ချုပ်သင်တန်း တက်ရောက်ကြသည့် အမျိုးသမီးငယ်များကို အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်က သင်တန်းအတွက် အလှူငွေပေးအပ်ရာ သင်တန်းဆရာမတစ်ဦးက လက်ခံရယူသည်။ **(၁၆၇)**

အခြေခံပညာဆရာဆရာမများသင်ကြားမှု အရည်အသွေးမြင့်မားရေး ကျောင်းတွင်းစီမံခန့်ခွဲမှု သွက်လက်ထက်မြက်ရေး မွမ်းမံသင်တန်းဖွင့်

ဟသ်ာတ ဧပြီ ၆

အခြေခံပညာဆရာ ဆရာမများ၏သင်ကြားမှု အရည်အသွေးမြင့်မားရေး ဘာသာရပ်အလိုက် လပိုင်းသင်ရိုးမာတိကာများနှင့်အညီ အပြည့်အဝလေ့ကျင့် သင်ကြားပေးရေး၊ သင်ထောက်ကူပစ္စည်းများကို အပြည့်အဝ အသုံးပြုသင်ကြားရေး၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ရေးနှင့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးနှင့် ကျောင်းတွင်းစီမံခန့်ခွဲမှုလုပ်ငန်းများ သွက်လက်ထက်မြက်ရေးတို့အတွက် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်၊ သင်္ချာနှင့်ရူပဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၈ရက် နံနက် ၈ နာရီက ဟသ်ာတမြို့ ဟသ်ာတတက္ကသိုလ် ရွှေဟသ်ာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးခင်မောင်ချိုက သင်တန်းဖွင့် အမှာစကားပြောကြားပြီး**(အပေါ်ပုံ)**သင်တန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာနမှူး ဦးသန်းထွဋ်က သင်တန်းစည်းကမ်းများ ရှင်းလင်းတင်ပြသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ ဟသ်ာတခရိုင် ခြောက်မြို့နယ်မှ အခြေခံပညာအထက်တန်းအဆင့်ဘာသာပြသင်တန်းသားဆရာဆရာမ ၂၀၃ဦးတက်ရောက်ပြီးသင်တန်းကာလမှာ မတ်၂၈ရက်မှ မေ ၂၆ရက်အထိ ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်းတယမြို့ မဟာစည်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကိုမတ်၂၄ရက်က ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးနေလင်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိဦးမျိုးတင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/စည်ပင်)

ကျောင်းကုန်း၌ တိုက်ကျောင်းကွန်ကရစ်လမ်းဖွင့်

ကျောင်းကုန်း ဧပြီ ၇

တိုက်ကျောင်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် ညနေ ၃ နာရီက ဇေယျာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ အဆိုပါ လမ်းထိပ် မုခ်ဦးဝတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ အလှူရှင် ဦးသိန်းမောင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းသစ်မှာ ကွန်ကရစ်လမ်းဖြစ်၍ အရှည်ပေ ၆၅၀၊ အကျယ် ၁၀ ပေရှိပြီး အမှတ်(၂)ရပ်ကွက်နေ အလှူရှင် ဦးသိန်းမောင်- ဒေါ်တင်လှမိသားစုက ငွေကျပ်သိန်း ၄၀ ဖြင့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော လမ်းဖြစ်သည်။ **(၂၆၅)**

မြို့နယ်သတင်းများ

ဝိုင်းမော်မြို့နယ် ရာပြည့်စာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း

ဝိုင်းမော် ဧပြီ ၉

ကိုယ့်အားကိုယ်ကိုး ရာပြည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က ဝိုင်းမော်မြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဦးချစ်ဦး၏ နေအိမ်ဝင်း စာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေးအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်သူများက စာကြည့်တိုက်အတွင်း စာအုပ်များခင်းကျင်းပြသထားမှုများကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရန်ကုန်- မန္တလေးကားလမ်းဘေးဝဲယာရှိ ပလက်ဖောင်းများ ဆေးသုတ်နေမှုကို ဧပြီ ၃ ရက်က ခေတ္တအမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	တာယာ၊ ဘက်ထရီနှင့် စက်ဆီ၊ချောဆီများ	(1)LOT

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၈–၄–၂၀၀၆ရက် (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်– ၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အများသိစေရန်ကြေညာချက်

[illegible]

လေလံတင်ရောင်းချရေးအဖွဲ့ (အထက်ဖော်ပြပါ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

နှစ်ထပ်လုံးချင်းတိုက်သစ် (၂) လုံးကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်

[illegible]

လေလံတင်ရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

တိုးချဲ့ – ဈောင်းတော်ကြီး

[illegible]



[illegible]

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ ခပေါင်းအိမ်ရာ၊ တိုက်အမှတ် ၆၊ တိုက်ခန်းအမှတ် ၁၀၁ နှင့် ၁၀၂၊ ပထမထပ်တိုက်ခန်းများနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်စန်းစန်းမော် ၁၃/ကတန(နိုင်)၀၁၁၁၂၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရွှေစင်ဝတ်မှုံက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ အဆိုပါ တိုက်ခန်းများနှင့် စပ်လျဉ်း၍ မည်သူမဆို ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံတင်ပြကန့်ကွက်နိုင်သည်။

အဆိုပါ နေ့ရက်ကျော်လွန်ပါက တိုက်ခန်းများ၏ အပြီးအပိုင်အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေစင်ဝတ်မှုံ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးတင်အေး(ရေတာရှည်)
H.G.P, LL.B, D.B.L (တရားရုံးချုပ်ရှေ့နေ)
အိမ်အမှတ် ၁၈၄၊ သုနန္ဒာ ၁၄ လမ်း၊ (ဆ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ (US Dollar, Euro and J¥) ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tenders)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)7/MR/ML/ 2006-2007	Spare Parts for Diesel Electric & Diesel Hydraulic Locomotives	(543)Items

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်– ၁၂–၅–၂၀၀၆ရက်(သောကြာနေ့) မွန်းတည့်(၁၂:၀၀နာရီ)

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၂–၄–၂၀၀၆ ရက်နေ့မှစ၍ (ရုံးပိတ်ရက်များအပါအဝင်) ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၉၁၉၈၂၊ ၂၉၁၉၈၅၊ (၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၀၅၊ ၆၁၂)။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၅ (အမ်)

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) **နှင့်** စက်မှုလက်မှုငွေချေးဌာန	၁။ ဦးမြင့်လွင် ၂။ ဒေါ်ကြိုင်
တရားနိုင်	**တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်–၄၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် မေလ ၂၂ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

- သာစည်မြို့နယ် အမှတ်(၇)ရပ်ကွက်၊ မြေကွက်အမှတ်(၄၃)၊ မြေဧရိယာ (၀ ဒဿမ ၁၁၇)ဧကရှိ ၁၀ နှစ်ဂရမ်မြေ၊ ယင်းမြေပေါ်ရှိ လူနေနှစ်ထပ်တိုက် အဆောက်အအုံတစ်လုံး၊ စက်ရက်ကန်းရုံတစ်ထပ် အဆောက်အအုံတစ်လုံး၊ သစ်စက်ရုံအဆောက်အအုံတစ်လုံး။
- သာစည်မြို့နယ် ရွာကြီးကျေးရွာအုပ်စုကွင်းအမှတ်–၁၈၁၀၊ ရွာကြီးတောင် မြေကွက်အမှတ် ၂၄၊ ဧရိယာ (၀ ဒဿမ ၁၂၆)ဧကရှိ လ/န–၃၉၇ ပြီး ၃–ခ မြေ ယင်းမြေပေါ်ရှိ လူနေတစ်ထပ် အဆောက်အအုံတစ်လုံး။

ကြမ်းခင်းဈေး ကျပ်သိန်း (၁၂၀)

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှု အမှတ်–၄၁

ဒေါ်ခင်သန်းစိန် **နှင့်**	ဒေါ်တင်စိန် အမှတ် ၆၇၉၊ထွန်းရွှေမြိုင်(၉)လမ်း၊ (၁၈) ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊
တရားလို	**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်တင်စိန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်သန်းစိန်က ပဋိညာဉ်အတိုင်း မြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် ဤရုံး၌ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် မေလ(၅)ရက်(၁၃၆၈ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေးရက်)က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဧပြီလ(၇)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအယ်လ် တိန်းဘောမ်(တ/၁၇၉၅)၊
ဒုတိယခရိုင်တရားသူကြီး(၈)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးကြည်အေး ၁၂/သဃက(နိုင်) ၀၀၀၆၅၈နှင့် ဒေါ်အေးအေးသင်း ၁၀/မလမ(နိုင်)၀၃၁၈၄၇တို့သည် သုဝဏ္ဏမြို့ (၂၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရှေ့မှောက်၌ ၁၀–၄–၂၀၀၆ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း။ **ဦးကြည်အေး၊ သုဝဏ္ဏ–၂၄ရပ်ကွက်၊ ရန်ကုန်မြို့။**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် တက/၇၂၆၃ လက်ဝယ်ရှိသူက (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(တောင်ကြီး)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။

ကန့်ကွက်နိုင်ပါကြောင်း

မော်တော်ဆိုင်ကယ် မဆ/၁၆၄၃ လက်ဝယ်ရှိသူက (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး (လားရှိုး)သို့ ဆက်သွယ် နိုင်ပါကြောင်း၊

ကညန၊ပြည်နယ်ရုံး(လားရှိုး)။

ကျေးဇူးဆပ်ပါမည်

၁၀–၄–၂၀၀၆ ရက် နံနက်ပိုင်းတွင် ယာဉ်အမှတ် ဒ/၃၆၆၁ဖြင့် လိုင်စင်သက်တမ်းတိုးရန် ကညနရုံးသို့အသွား၊ ကားနှင့်ပတ်သက်သော အရေးကြီး စာရွက်စာတမ်းများ ကျပျောက်သွားပါသဖြင့် အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပေးပို့ပါ။

ဖုန်း– ၀၉ ၅၁ ၀၀၇၄၂၊
၀၉ ၉၉ ၂၆၄၃။

ပြည် ခရိုင် ပေါက်ခေါင်းမြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းအတွက် ဧပြီ ၆ ရက် က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ မြို့နယ် မီးဘေး တားဆီးရေး ကြီးကြပ်မှုကော်မတီ၊ မြို့မိမြို့ဖနှင့် ပြည်သူတို့ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဝယ်ယူလှူဒါန်းသော ငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ဗ္ဗတ်ပြို မီးသတ် ရေစုပ်စက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနန်းတင့်က စခန်းတာဝန်ခံ တပ်စုမှူး ရဲထွေးအောင်ထံ လွှဲပြောင်းပေးအပ်စဉ်။ (က–ပ)

နှစ်ဖက် မိဘများ အမှူးထား၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ၂၉ (G) နတ်မောက်ရိပ်သာလမ်းနေ ဒေါက်တာသန်းထွင့်အောင်–ဒေါ် ယဉ် မော် ဦး မိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွား ရိပ်သာ နတ်လမ်း နှစ်ခန်းအတွက် ငွေကျပ် နှစ်သိန်းကို အလှူရှင် ကိုယ်စား ဦးမြသိန်းက လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌဦးထွန်းကြိုင်က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၃၈၀)

နိုင်ငံတော်က တည်ဆောက်ပေးထားသော အခြေအနေကောင်းများ တန်ဖိုးရှိရှိအသုံးချ မိမိပြည်နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် လူတိုင်းဖိဖိစီးစီး ကြိုးစားအလုပ်လုပ် အလုပ်လုပ်မှသာ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးတိုးတက်လာမှာဖြစ် နိုင်ငံတော်၏ မွန်မြတ်သောစေတနာနှင့် ရည်ရွယ်ချက်ကို အလုပ်လုပ်ပြီး တုံ့ပြန်

ရန်ကုန် ဧပြီ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ်အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ များ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်တို့မှ ဌာနဆိုင်ရာများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

သင်္ကြန်အကြတ်နေ့ နေပြည်တော်မြို့တော် တိမ်အသင့်အတင့်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (သင်္ကြန်အကြတ်နေ့)၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့အလင်း

သတင်းဆောင်းပါး

အင်တာနက် သတင်းနှင့် ဓာတ်ပုံအညွှန်း

နှစ်ဟောင်းအကုန် နှစ်သစ်အကူး စိတ်ရွှင်လန်းစွာဖြတ်သန်းပါ

မောင်မောင်မြင့်ဆွေ ၏ မဟာသင်္ကြန် အထူးသတင်း ဆောင်းပါး စာ(၅)

သောကြာဂြိုဟ်၏ တောင်ဘက်စွန်းပုံရိပ်

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၅)

15-4 (20).p65 1 1/16/32, 1:01 PM